# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက် ၂၀၂၃ ခုနှစ်၊ မတ် ၂၄ ရက်၊ သောကြာနေ့ အတွဲ (၆၂)၊ အမှတ်(၁၇၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

## ကျောက်စိမ်းအတွဲ ၁၅၄၄ တွဲ၊ ပုလဲအတွဲ ၂၉၀ နှင့် ကျောက်မျက်အတွဲ ၇၇ တွဲ ရောင်းချခဲ့

**နေပြည်တော် မတ် ၂၃**

(၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲပိတ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

ယနေ့တွင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ခန်းမအပြင်ဘက်တွင် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ် ၁၅၀၁ မှ ၂၁၅၀ အထိ

*စာမျက်နှာ ၄ ကော်လံ ၁* ❖




**ယနေ့ ဖတ်စရာ**

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၈၆)နှစ်တာခရီး** ဆောင်းပါး စာ - ၆

**မတ် ၁ ရက်မှ ၂၁ ရက်အထိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၇၅၂ သန်းရှိ** စီးပွားရေးသတင်းများ စာ - ၁၂

**လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုမြင့်မားလာသဖြင့် သတိပေးချက်ထုတ်ပြန်** နိုင်ငံတကာသတင်း စာ - ၁၄


# ရန်ကုန်ပြည်သူ့ရင်ပြင်သင်္ကြန် ထူးထူးခြားခြား ပျော်ပွဲရွှင်ပွဲ မဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်ပါဝင်မည်

**ရန်ကုန် မတ် ၂၃**

၁၃၈၄ ခုနှစ် ရန်ကုန်မဟာသင်္ကြန်ပွဲကျင်းပမည့် ပြည်သူ့ရင်ပြင်၌ ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၊ ဌာနဆိုင်ရာ မဏ္ဍပ် ၁၀ ခုနှင့် လမ်းလျှောက်သင်္ကြန်များ ပါဝင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးဥပဒေချုပ်ဦးငွေအောင်က "ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မိဘပြည်သူတွေ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်ပြီး နှစ်စဉ် အစဉ်အလာမပျက် မြို့တော်မဟာသင်္ကြန်မဏ္ဍပ်အပြင် ဒီနှစ်မှာတော့ ထူးထူးခြားခြား ပြည်သူ့ရင်ပြင်မှာပါ မဟာသင်္ကြန်မဏ္ဍပ်ထိုးပြီး ရေကစားမဏ္ဍပ်တွေရော ပျော်ပွဲရွှင်ပွဲတွေပါ အားလုံးစီစဉ်ထားရှိပါတယ်။ ပြည်သူ့ရင်ပြင်မှာတော့ အခုနှစ်မှာ ဗဟိုမဏ္ဍပ်ကြီးတစ်ခုရယ်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❐






# ဂုဏ်ယူဖွယ်ရာ သမိုင်းကြောင်းနှင့် သစ္စာစောင့်သိခဲ့သည့် တပ်မတော်

မျက်မှောက်ကမ္ဘာတွင် နိုင်ငံကြီးများအကြား အားပြိုင်မှုများက ပြင်းထန်လာနေသည်။ နိုင်ငံတကာရေးရာတွင် နိုင်ငံတိုင်းအဖို့ အမျိုးသားအကျိုးစီးပွားကသာ ပဓာနကျသည်မို့ မိမိတို့၏ ပြည်တွင်းအင်အားကို တည်ဆောက်ကြရသလို မိတ်ဖက်နိုင်ငံများနှင့်လည်း တူရာတူရာ စုကြရသည်။ ပထဝီနိုင်ငံရေးရှုထောင့်အရကြည့်ပါက မိမိတို့မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးစာရင်းဝင် နိုင်ငံကြီးနှစ်နိုင်ငံ၊ လူဦးရေတိုးနှုန်း မြင့်မားနေသည့် နိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေခြင်း၊ ကမ္ဘာ့အင်အားချိန်ခွင်လျှာ အပြောင်းအလဲတွင် ကမ္ဘာကြီး၏ အားပြိုင်ရာဇုန်အတွင်း ကျရောက်နေခြင်း စသည့်ပြင်ပရေးရာများအပြင် ပြည်တွင်း၌ အမျိုးသားစည်းလုံးညီညွတ်မှု လျော့ရဲနေခြင်း၊ ပြည်ပ ပယောဂဝင်နေသည့် ပြည်တွင်းအဖျက် အင်အားစုများက နိုင်ငံကို အလုံးစုံပျက်သုဉ်းစေမည့် လမ်းကြောင်းပေါ်သို့ တွန်းပို့နေခြင်း စသည့်ပြည်တွင်းရေးရာများလည်းရှိနေရာ အချိန်မရွေး နိုင်ငံပြိုကွဲပျက်စီးသွားစေနိုင်သည့် အခြေခံအကြောင်းတရားများ ရှိပြီးဖြစ်နေသည်။

နိုင်ငံတစ်နိုင်ငံ တည်တံ့ခိုင်မာစေရန်အတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားတို့ တောင့်တင်းရန် လိုအပ်သည်။ အစိုးရနှင့်ပြည်သူ စည်းလုံးညီညွတ်မှု၊ တိုင်းရင်းသား နိုင်ငံသား ပြည်သူများအချင်းချင်း စည်းလုံးညီညွတ်မှုတို့ဖြင့် နိုင်ငံရေးအင်အား ခိုင်မာတောင့်တင်းရန်၊ ပြည်တွင်းရှိ ရေမြေသယံဇာတအရင်းအမြစ်၊ ဓနဥစ္စာအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်တို့ကို ထိထိရောက်ရောက် အသုံးချခြင်းဖြင့် စီးပွားရေးအင်အား ခိုင်မာတောင့်တင်းရန်၊ တိုက်ပွဲဝင်စွမ်းရည်၊ စွမ်းအားပြည့်ဝသည့် ခေတ်မီတပ်မတော်ကို စဉ်ဆက်မပြတ်တည်ဆောက်၍ ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းစေရန် ကြိုးပမ်းကြရမည်ဖြစ်ပြီး ဤသည်မှာ နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ဟူ၍ ခံယူကြရန် ပင်ဖြစ်သည်။

မိမိတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် လျှောက်လှမ်းရာတွင် ပြီးခဲ့သည့် အစိုးရသက်တမ်းနှစ်ခုအတွင်း နိုင်ငံရေး၊ စီးပွားရေး တည်ဆောက်မှုများမှာ အခက်အခဲအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသည်များရှိသလို အားနည်းချက်များကိုလည်း တွေ့ရှိခဲ့ရသည်။ ဗဟိုဦးစီးစနစ်များဖြင့် ကာလရှည်ကြာနေခဲ့ရသည့် ပြည်သူလူထုအတွင်း ဒီမိုကရေစီအတွေးအမြင်၊ အလေ့အကျင့်နှင့် နိုင်ငံရေးအရ အားနည်းချက်များစွာလည်း ရှိခဲ့သည်။ ယင်းသို့သော အခြေအနေထဲတွင် ပြည်ပနောက်ခံ မီဒီယာများ၏ မြန်မာ့နိုင်ငံရေးတွင် ဝင်ရောက်မွှေနှောက်မှုများ၊ တပ်မတော်ကို ပြည်သူလူထုက အထင်အမြင်လွဲမှား မုန်းတီးစေရန် ဖန်တီးမှုများကိုလည်း တွေ့ရှိရသည်။

"တပ်မတော်သည် မှန်ကန်မွန်မြတ်သည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့ပြီး ဂုဏ်ယူဖွယ်ရာကောင်းသည့် သမိုင်းကြောင်းများကိုလည်း ပိုင်ဆိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အမိနိုင်ငံတော်နှင့် လူမျိုးအပေါ်တွင် မည်သည့်သစ္စာဖောက်မှုမျိုးကိုမဆို မကျူးလွန်ဘဲ သစ္စာစောင့်သိခဲ့သည့် တပ်မတော်ဖြစ်သည်နှင့်အညီ နိုင်ငံနှင့်လူမျိုးပေါ်တွင် အကျိုးအမြတ်ရယူရန် မကြိုးပမ်းဘဲ ပေးဆပ်ရေးကိုသာ အစဉ်တစိုက် ဦးတည်လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ (၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမိန့်ခွန်းနှင့်အညီ ခေတ်သစ်မြန်မာ့သမိုင်းတစ်လျှောက် ကြီးမားသည့် နိုင်ငံ့အရေးအရာကိစ္စများတွင် တပ်မတော်သည် နိုင်ငံတော်၏ တောင့်တင်းခိုင်မာပြီး တစ်ခုတည်းသော အင်အားတစ်ရပ်အနေဖြင့် နိုင်ငံ့တာဝန်များကို သစ္စာရှိစွာထမ်းရွက်ခဲ့သည်ကို တွေ့ရှိနိုင်ကြောင်း (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက် တပ်မတော်၏ ဒို့တာဝန်အရေး (၃)ပါးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် ပြည်သူတစ်ရပ်လုံးကလည်း တစ်တပ်တစ်အားပါဝင်ကြရန် နှိုးဆော်လိုက်ရပါကြောင်း။ ။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# အသိပေးနှိုးဆော်ချက်

(၇၈) နှစ်မြောက်၊ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအား ၂၇-၃-၂၀၂၃ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပျဉ်းမနားမြို့နယ်၊ ဘောဂသီရိမီးပွိုင့်မှ ဇေယျာသီရိမြို့နယ် သိုက်ချောင်း လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက် (၀၀၀၅) အချိန်မှ (၁၀၀၀) အချိန်ထိ ခေတ္တလမ်းပိတ်/ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများအနေဖြင့် ၎င်းနေ့တွင် နေပြည်တော် - ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်းလမ်းဆုံမီးပွိုင့်မှ နိဗ္ဗာန်လမ်း(မြို့ပတ်လမ်း) အတိုင်း ခွာညိုပန်းအဝိုင်းအထိ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း၊ ကုမုဒြာကြာပန်းအဝိုင်းအထိ၊ ရာဇဌာနီလမ်းအတိုင်း ပျဉ်းအနားမြို့နယ်၊ ပန်းခင်းလမ်း မီးပွိုင့် - ဘောဂသီရိမီးပွိုင့်မှတစ်ဆင့် ရန်ကုန် - မန္တလေး လမ်းဟောင်းမှ လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ



# ဂွမြို့နယ်၌ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် မြစိမ်းရောင်ရန်ပုံငွေ ထုတ်ချေး

ဂွ မတ် ၂၃

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ကျေးရွာ ၁၇ ရွာတွင် မြစိမ်းရောင်ရန်ပုံငွေကို မြို့နယ်မြစိမ်းရောင်လုပ်ငန်းအဖွဲ့ရှေ့၌ မတ် ၂၂ ရက်က ထုတ်ချေးခဲ့သည်။ **(အပေါ်ပုံ)**

မြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာ မြစိမ်းရောင်စီမံကိန်းအနေဖြင့် စေတီကွင်း၊ ဆားချက်+ပြင်ကွင်း၊ ကိုင်းတောကွင်း+ဂျိတ်တောင်၊ ပုန်းညှက်၊ ရှောက်ကုန်း၊ ဘိုကလေး(ချင်းကုန်း)၊ ဂျိုင်ကောက်၊ ကြွေချိုင်၊ တိုင်ကျိုး၊ ရွှေရချိုင်၊ ညောင်ချောင်း၊ ပိန္နဲကုန်း၊ ကိုင်းခုံ၊ ကွင်းကြီး(ကမ်းနား)ကျေးရွာများအား (ပဥ္စမအကြိမ်)၊ ကံ့ကော်တောင်ကျေးရွာအား (နဝမ) အကြိမ်၊ ရွာသစ်ကုန်းကျေးရွာနှင့် ငရုံ့ကျော်+ဖိုးလှောင်ကွင်း ကျေးရွာများအား (တတိယအကြိမ်) မြောက်အဖြစ် ထုတ်ချေးခဲ့ခြင်းဖြစ်ပြီး အဆိုပါကျေးရွာများရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ ၄၀၁ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၁၁၂၇ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူလေးဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၄၆၆ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၇၁ ဦးတို့ကို ငွေကျပ် ၆၇၉ ဒသမ ၇၄ သန်းကို ထုတ်ချေးခဲ့ကြောင်း သိရသည်။ **ရွှေရည်ဝင်းကျော်**

# အစိုးရဓမ္မာစရိယစာမေးပွဲ (တတိယနေ့)ကျင်းပ

နေပြည်တော် မတ် ၂၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၃ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (တတိယနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တို့တွင် စာဖြေ စာရင်းသွင်း ၁၃၈၈၀ ပါး/ဦးအနက် ၁၁၁၅၉ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၄၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

# တိမ်အနည်းငယ် ဖြစ်ထွန်းနေ

နေပြည်တော် မတ် ၂၃

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# မိုးညှင်းမြို့နယ် သမဝါယမအသင်းများမှ အသင်းသားတောင်သူများက ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုး

မိုးညှင်း မတ် ၂၃

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ သမဝါယမအသင်း ငါးသင်း၏ အသင်းသားတောင်သူ ၃၉၀ တို့က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် ပဲပုပ်စိုက်ဧက ၄၄၇ ဧက၊ နေကြာစိုက်ဧက ၃၀၂ ဧက၊ စုစုပေါင်းစိုက်ဧက ၇၄၉ ဧက စိုက်ပျိုးထားရှိသည်။ ယခုအခါ အသင်းသားတောင်သူများ စိုက်ပျိုးထားရှိသည့် ပဲပုပ်ပင် (တောင်သူအခေါ် ခေါင်ကြား၊ စိုက်ပျိုးရေးအခေါ် ရေဆင်း-၁၁) များမှာ ရက် ၁၀၀ ကျော်နေပြီဖြစ်၍ ပန်းများပွင့်နေပြီ ဖြစ်ကြောင်းနှင့် နေကြာမျိုးစေ့ (ဆင်းရွှေကြာ-၂) ကိုလည်း စိုက်ပျိုးထားရှိရာ ဧပြီနှင့် မေလတွင် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ် (၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



**ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် တရုတ် - မြန်မာ နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စ၊ နှစ်နိုင်ငံ နယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်များ၊ ရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စနှင့် နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဗိုလ်ချုပ်တိုးရီနှင့် အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၆၃)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

## ကမ္ဘာကြီး၏ပျမ်းမျှအပူချိန်သည် ယခင်စက်မှုမထွန်းကားမီ ခေတ်ကာလများထက် ၁ ဒသမ ၀၆ ဒီဂရီစင်တီဂရိတ် ကျော်လွန်နေ

**နေပြည်တော် မတ် ၂၃**





(၆၃) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**နှစ်စဉ်ကြုံတွေ့နေရ**

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ် မတ် ၂၃ ရက် ရောက်တိုင်း ကမ္ဘာ့တစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်ပါကြောင်း၊ ယခု ၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ မိုးလေဝသနေ့ ဆောင်ပုဒ်မှာ **“အနာဂတ် မိုးလေဝသ၊ ရာသီဥတုနှင့် ရေသယံဇာတ ဖွံ့ဖြိုးကောင်းမွန်ဖို့ မျိုးဆက်အားလုံး အလေးထားဆောင်ရွက်ကြပါစို့ (The Future of Weather, Climate and Water across Generations)”** ဖြစ်ပါကြောင်း၊ ယခုအခါ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးလေဝသ၊ ဇလဗေဒ နှင့် ရာသီဥတုဆိုင်ရာ အစွန်းရောက်အဖြစ်အပျက်များသည် ကမ္ဘာ့နေရာအနှံ့အပြားတွင် ပိုမိုဖြစ်ပွားလာလျက်ရှိရာ အထူးသဖြင့် ကျွန်းနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အခံရဆုံးဖြစ်ပါကြောင်း၊ ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်၏ ထုတ်ပြန်ချက်များအရ ၂၀၁၆ ခုနှစ်သည် ကမ္ဘာ့အပူဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ထားပါကြောင်း၊ တစ်ဖန် ၂၀၂၀ ပြည့်နှစ်ကတည်းက စတင်ခဲ့သည့် လာနီညာဖြစ်စဉ်မှာ ၂၀၂၂ ခုနှစ်ထိတိုင် သုံးနှစ်ဆက်တိုက် လာနီညာအဖြစ် သမိုင်းဝင်ခဲ့ပါကြောင်း၊ သို့သော် အဆိုပါလာနီညာဖြစ်စဉ်များသည် လက်ရှိကမ္ဘာကြီး ပူနွေးလာနေမှုကို လွှမ်းမိုးနိုင်ခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ၂၀၂၂ ခုနှစ်အပြီး ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ တစ်နှစ်တာ လေ့လာ သုံးသပ်ချက်များအရ ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်သည် ယခင်စက်မှုမထွန်းကားမီ ခေတ်ကာလများထက် ၁ ဒသမ ၀၆ ဒီဂရီစင်တီဂရိတ် ကျော်လွန်နေပြီဖြစ်ပါကြောင်း၊ ကမ္ဘာကြီး ပူနွေးလာမှုကြောင့်လည်း ရေခဲတောင်များ အရည်ပျော်ကာ ပျမ်းမျှပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုသည် ၁၈၈၀ ပြည့်နှစ်ထက် ၂၄ စင်တီမီတာခန့် မြင့်တက်နေပြီး အချို့သော ကျွန်းနိုင်ငံများမှာ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေကြရပါကြောင်း၊ ထို့အပြင် မိုးရွာသွန်းမှုပုံစံပြောင်းလာပြီး အချိန်အခါမဟုတ် မိုးပြင်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလာသကဲ့သို့ အခြားတစ်ဖက်တွင်လည်း မိုးခေါင်ခြင်းနှင့် ရေပြတ်လပ်မှုဖြစ်စဉ်များ နှစ်စဉ်ကြုံတွေ့နေရပါကြောင်း၊ ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပပြုလုပ်ခဲ့သော ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကွန်ဖင်းရှင်းတွင် စက်မှုမထွန်းကားမီ ကာလနှင့် နှိုင်းယှဉ်၍ အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထက် ပိုမိုတိုးလာမှုကို လျှော့ချနိုင်ရေးအတွက် သဘောတူဆုံးဖြတ်ချက် ချမှတ်ခဲ့ပါကြောင်း၊ ယခုအခါ ရာသီဥတုပြောင်းလဲမှုနှုန်းသည် အရှိန်အဟုန်မြင့်မြန်ဆန်လာသည့်အတွက် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ သဘာဝဘေးအန္တရာယ်များ ခံစားရမှုကို လျှော့ပါး သက်သာလာစေရေးနှင့် အနာဂတ်မျိုးဆက်များ ကောင်းမွန်စွာ ရှင်သန်နိုင်ရေးအတွက် ပြည်သူအားလုံး လက်တွဲပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆုချီးမြှင့်ပေးအပ်**

ထို့နောက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် Professor Petteri Taalas ၏ သဝဏ်လွှာဗီဒီယိုနှင့် မိုးလေဝသနှင့်ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ Video Clip တို့ကို ပြသခဲ့ပြီး ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနား ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဆုချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ဖိတ်ကြားထားသော ဧည့်သည်တော်များသည် အခမ်းအနားတွင် ခင်းကျင်းပြသထားသော မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် မိုးလေဝသ၊ ဇလဗေဒ၊ မြေငလျင်ဘာသာရပ်ဆိုင်ရာ စာတမ်း(၉)စောင်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❐ *ရှေ့ဖုံးမှ*

ဌာနဆိုင်ရာမဏ္ဍပ် ၁၀ ခုလည်း ပါပါတယ်။ သကြ်ာန်မဏ္ဍပ်ကိုတော့ ဂီတပညာရှင်တွေ၊ အနုပညာရှင်တွေအများကြီးနဲ့ မိဘပြည်သူတွေ ပျော်ရွှင်အောင် ကျင်းပပေးမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

မြို့တော်ခန်းမ၌ ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များက ပါဝင်ဖျော်ဖြေကြမည်ဖြစ်ပြီး အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်မှ အကအလှအဖွဲ့များ၊ ယိမ်းအဖွဲ့များလည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ထို့ပြင် ပြည်သူ့ရင်ပြင်၌ ရေပန်းများလွှတ်ပြီး စတိတ်ရှိုးနှင့်အတူ မိဘပြည်သူများ ပျော်ရွှင်စွာ ရေကစားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမည်ဖြစ်သည်။ ထို့အတူ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင် ၁၄ ခရိုင်နှင့် မြို့နယ် ၄၅ ခုတွင်လည်း အကအလှပြိုင်ပွဲများ၊ ရေကစားမဏ္ဍပ်များဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့က မနှစ်တုန်းကလည်း လမ်းလျှောက်သင်္ကြန်ကို ဆောင်ရွက်ခဲ့ပါတယ်။ မြို့တော်ခန်းမရဲ့ရှေ့ ပန်းခြံကြီးရဲ့ ဘေးမှာပါ။ လွတ်လွတ်လပ်လပ်နဲ့ လမ်းလျှောက်သင်္ကြန်ပွဲကို ဆောင်ရွက်ခဲ့ပါတယ်။ စတိတ်ရှိုးနဲ့ မိဘပြည်သူတွေ ပျော်ရွှင်စွာ ရေကစားနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနှစ်မှာလည်း မြို့တော်ခန်းမ မဏ္ဍပ်ရဲ့ဘေးမှာ လမ်းလျှောက်သင်္ကြန် ပါမှာဖြစ်သလို ပြည်သူ့ရင်ပြင်ထဲမှာလည်း ရင်ပြင်တစ်ပတ်လုံး ပတ်ပြီးတော့ လမ်းလျှောက်သင်္ကြန်အဖြစ် ကျွန်တော်တို့ ဆောင်ရွက်ထားပါတယ်။ မဏ္ဍပ်တစ်ခုမှာ ရေပက်တဲ့ပိုက်တွေ ၅၀ ကျော်နဲ့ မဏ္ဍပ် ၁၀ ခုမှာ တင်ပဲ ရေပက်ပိုက်များစွာပါပြီးတော့ ဗဟိုမဏ္ဍပ်ကြီးရဲ့ ဝဲယာမှာလည်း ရေပက်မဏ္ဍပ်တွေ တည်ဆောက်ထားပါတယ်။ ရေပြတ်လပ်မှုမရှိဖို့နဲ့ ရေကိုလုံလောက်စွာနဲ့ ပျော်ရွှင်စွာကစားနိုင်ဖို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အထူးဆောင်ရွက်ထားပါတယ်။ သင်္ကြန်ရက်တွေ အားလုံးမှာ စတုဒိသာလည်း ကျွေးမွေးလှူဒါန်းမှာ ဖြစ်ပါတယ်” ဟု ဦးဌေးအောင်က ဆက်ပြောသည်။

ရေကစားမဏ္ဍပ်များ တည်ဆောက်လိုသူများအနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ရေကစားမဏ္ဍပ်များ လာရောက်လျှောက်ထားလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မိဘပြည်သူများ စိတ်ချမ်းမြေ့စွာ မဟာသင်္ကြန်တွင် ပျော်ရွှင်စွာ ရေကစားနိုင်ရန် ခွင့်ပြုပေးလျက်ရှိကြောင်း၊ ပြည်သူ့ရင်ပြင်ရှိ ဗဟိုမဏ္ဍပ်တည်ဆောက်မှုသည် ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းနှင့် ရေကစားချိန်ကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီနှင့် မွန်းလွဲ ၃ နာရီမှ ညနေ ၆ နာရီ အထိ သတ်မှတ်ထားကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၊ အရာထမ်း(အမျိုးသမီး)၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်းများ၏ မိသားစုဝင်များ အခြေခံအဘိဓမ္မာသင်တန်း သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၃

**ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၊ အရာထမ်း(အမျိုးသမီး)၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်းများ၏ မိသားစုဝင်များ အခြေခံ အဘိဓမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပသည်။** (ယာပုံ)



သင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီနှင့် ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်၏ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ/အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ သင်တန်း နည်းပြဆရာမများနှင့် သင်တန်း တက်ရောက်ကြမည့် ပြည်ထဲရေး ဝန်ကြီး ဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း များ၊ အရာထမ်း (အမျိုးသမီး)၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း များ၏ မိသားစုဝင် သင်တန်းသူ များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အခြေခံ အဘိဓမ္မာသင်တန်း ဖွင့်လှစ်ပေးရခြင်းမှာ မြတ်စွာဘုရားရှင် ဟောကြားခဲ့သည့် အဘိဓမ္မာ(၇)ကျမ်းနှင့် ပတ်သက်၍ အခြေခံအဆင့်အနေဖြင့် သိရှိနားလည်နိုင်စေရန်နှင့် အမျိုး၊ ဘာသာ၊ သာသနာ၊ အမျိုးဂုဏ် ဇာတိဂုဏ်ကို ချစ်မြတ်နိုးတတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အဘိဓမ္မာတရား၏ အခြေခံကို သိရှိနားလည်ပြီး လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်ခြင်းနှင့် ပေါင်းသင်း ဆက်ဆံရာတွင်လည်း များစွာ အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးကို ရရှိမည်ဖြစ်ကြောင်း မှာကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ တာဝန်ရှိသူများက သင်တန်း တက်ရောက်ကြမည့် သင်တန်း သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးသည်။

အဆိုပါ အခြေခံအဘိဓမ္မာ သင်တန်းကို ပြည်ထဲရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အထူး စုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီး ဌာနတို့မှ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၊ အရာထမ်း (အမျိုးသမီး)၊ တပ်ဖွဲ့ ဝင်/ ဝန်ထမ်း အရာထမ်းများ၏ မိသားစုဝင် သင်တန်းသူ စုစုပေါင်း ၆၄၃ ဦး တက်ရောက်ကြမည် ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၂၃ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၃**

မတ် ၂၃ ရက်တွင် ကျရောက်သော မဲခေါင် – လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု တည်ထောင်ခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့ ကို ဂုဏ်ပြုသော အထိမ်းအမှတ် အခမ်းအနားအဖြစ် မြန်မာနိုင်ငံ တွင် ဆောင်ရွက်ခဲ့သည့် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများ၏ အောင်မြင်မှုပြပွဲနှင့် ဧည့်ခံပွဲ အခမ်းအနားကို နေပြည်တော်ရှိ M-Gallery ဟိုတယ်၌ ကျင်းပ သည်။




အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နှင့် မဲခေါင် – လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု အထူးစီမံကိန်း များ အကောင်အထည်ဖော်ခဲ့သည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မဲခေါင် – လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံ သံရုံး များမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ နိုင်ငံခြားရေးဝန်ကြီး ဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန များမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေနှင့် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများက မြန်မာနိုင်ငံ တွင် ဆောင်ရွက်ခဲ့သည့် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများ၏ အောင်မြင်မှုပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဧည့်သည်တော်များ သည် ပြပွဲအတွင်း မဲခေါင် –လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူး ရန်ပုံငွေဖြင့် ဝန်ကြီးဌာန ၁၇ ခု က ပူးပေါင်းဆောင်ရွက်မှုဧရိယာ ၃၄ ခု၌ အကောင်အထည်ဖော် ခဲ့သည့် စီမံကိန်း ၆၂ ခုမှ ရလဒ် များ ပြသထားမှုကို လိုက်လံ ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ (၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲကို အဆိုပါဟိုတယ်၌ ဆက်လက် ကျင်းပသည်။ အဆိုပါ အခမ်း အနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မိန့်ခွန်းပြောကြား ရာ ဒေသတွင်း အလုံးစုံပါဝင်ဖွံ့ဖြိုး တိုးတက်မှုအတွက် ဆောင်ရွက် ရာတွင် မဲခေါင် – လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုမှ ရရှိသည့် အကျိုး ကျေးဇူးများ၊ မြန်မာပြည်သူများ အတွက် အထူးရန်ပုံငွေ စီမံကိန်း များမှတစ်ဆင့် အထောက်အကူပြု မှုများ၊ ဒေသတွင်း ငြိမ်းချမ်းမှု ထိန်းသိမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်မှုအတွက် ပူးပေါင်း ဆောင်ရွက်ရာတွင် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ မူဝါဒများ၏ အရေးပါမှုတို့ကို ထည့်သွင်းပြောကြားခဲ့ပြီး အထူး ရန်ပုံငွေ ထောက်ပံ့သည့် တရုတ် ပြည်သူ့သမ္မတနိုင်ငံအား ကျေးဇူး တင်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က အထိမ်းအမှတ်မိန့်ခွန်း ပြောကြားသည်။

ထို့နောက် ဧည့်ခံပွဲအခမ်း အနားသို့ တက်ရောက်လာကြ သည့် ဧည့်သည်တော်များ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး မဲခေါင် – လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု (၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းတို ပြသသည်။ ဆက်လက်၍ ညစာစားပွဲ ကျင်းပ ရာ အနုပညာဦးစီးဌာနမှ အနုပညာ ရှင်များက ဖျော်ဖြေတင်ဆက်ကြ ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေနှင့် တရုတ် သံအမတ်ကြီး မစ္စတာ ချန်းဟိုင် တို့က ဂုဏ်ပြုလက်ဆောင် ပန်းခြင်းများ ပေးအပ်ချီးမြှင့်ကြ သည်။

မဲခေါင် – လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုကို ၂၀၁၆ ခုနှစ် မတ် ၂၃ ရက်တွင် ဒေသတွင်း ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းများအား ပူးပေါင်း ဆောင်ရွက်သွားရန် ရည်ရွယ်၍ စတင်တည်ထောင် ခဲ့ခြင်းဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။ လက်ရှိတွင် မြန်မာနိုင်ငံ နှင့် တရုတ်နိုင်ငံတို့သည် မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် ပူးတွဲ ထမ်းဆောင်လျက်ရှိသည်။

**သတင်းစဉ်**

❖ ***ရွှေဖုံးမှ***

ကျောက်စိမ်းအတွဲပေါင်း ၆၅၀ အတွက် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၄၃၀ ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၂၈၅ တွဲကို မတ် ၁၈ ရက်မှ ၁၉ ရက်အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၉၀ ကို လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို မတ် ၂၀ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲပေါင်း ၇၇ တွဲကိုလည်းကောင်း၊ ကျောက်စိမ်း အတွဲပေါင်း ၂၁၅၀ ကို မတ် ၁၇ ရက်မှ ၂၂ ရက်အထိ ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၅၄၄ တွဲကို လည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

ယခု ကျင်းပပြုလုပ်သည့် (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြား ဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိစေနိုင်ရန် အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏စီစဉ်မှုဖြင့် မတ် ၁၇ ရက်မှ ၂၃ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၂၃**

နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေး ပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံ ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ၊ “ဝ”ပြည် သွေးစည်းညီညွတ်ရေး ပါတီ(UWSP) မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဗဟိုနိုင်ငံရေးဦးဆောင်အဖွဲ့ဝင် စဝ်ဆေပိုင်ဖနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် ပထမနေ့ ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသော ကိစ္စများ၊ ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များနှင့် အထွေထွေ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နှစ်ရက်တာဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောတူညီချက်များ ရယူကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကာ အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့သုံးဖွဲ့ ကိုယ်စား “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကား ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် ကမ္ဘာ့ရေးရာ၊ မြန်မာ့ရေးရာနှင့် တိုင်းရင်းသားရေးရာ စာအုပ်များနှင့် လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၃**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် တရုတ်နိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှု အစီအစဉ် (Global Civilization Initiative) ကိစ္စ၊ တရုတ်နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်နှင့်(၁၄) ကြိမ်မြောက် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေးတို့မှ ရရှိခဲ့သည့် အောင်မြင်မှုရလဒ်များ၊ မြန်မာ – တရုတ် နယ်စပ်ဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြှင့်တင်ရန် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း အားထုတ်မှုများနှင့် ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ် အောင်မြင်စေရေးအတွက် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့၏ ကြားဖြတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၃**

မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ ကြားဖြတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးကို လုပ်ငန်းအဖွဲ့၏ဥက္ကဋ္ဌဖြစ်သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**ညှိနှိုင်းဆွေးနွေး**

အစည်းအဝေး၌ မြန်မာနိုင်ငံတွင် အမှန်တကယ် အကူအညီလိုအပ်နေသည့် ပြည်သူများအတွက် ပိုမိုကျယ်ပြန့်သော လူသားချင်းစာနာမှု အကူအညီများ ပေးအပ်နိုင်ရန် လိုအပ်ချက်ဆန်းစစ်မှုလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ကြားကာလ အကူအညီပေးအပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး ထိရောက်၍ လုံခြုံမှုရှိသော မြေပြင်လုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အစည်းအဝေး၌ အာဆီယံတူညီဆန္ဒ၏ စတုတ္ထအချက်ဖြစ်သည့် လူသားချင်းစာနာမှုအကူအညီပေးအပ်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ကတိကဝတ်အပေါ် ထပ်လောင်းအတည်ပြုခဲ့ကြပြီး အကူအညီလိုအပ်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ရှိရင်းစွဲယန္တရားများအကြား ပေါင်းစပ်ညှိနှိုင်းအားကိုလည်း တိုးမြှင့်သွားရန် ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



# မြစ်ကြီးနားမြို့၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၆၁ ပါးတို့အား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံဆေးကုသရေးအဖွဲ့က မြေမြင့်ဗုဒ္ဓ သာသနာပြုကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များအား ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ထူးခြားသည့် နေ့အပူချိန်များ**

နေပြည်တော် မတ် ၂၃ – ထူးခြားသည့် နေ့အပူချိန်များမှာ ပြည်မြို့၊ တောင်ငူမြို့၊ ရွှေကျင်မြို့၊ လေးထပ်ပြင်(ပြည်မြို့နယ်)၊ ဘောလခဲမြို့နှင့် ဖားဆောင်းမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၈၆) နှစ်တာခရီး

*Dr. သက်လွင်ဦး၊ Myantrade*

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ အမိမြန်မာနိုင်ငံရဲ့ ကုန်သွယ်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်ရေးမရမီကာလကတည်းက နိုင်ငံတော်ကချမှတ်ထားတဲ့ စီးပွားရေးမူဝါဒတွေကို ဦးလည်မသုန် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့တာ ယခုဆိုရင် စိန်ရတုကာလကို ကျော်လွန်ပြီး (၈၆)နှစ်တိုင်ခဲ့ပြီဖြစ်ပါတယ်။**

**ဝန်ကြီးဌာနသမိုင်း**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ၁၉၃၇ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှာ မြန်မာနိုင်ငံစီရင်အုပ်ချုပ်မှုဥပဒေ ၁၉၃၅ အရ စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးဌာန စတင်တည်ထောင်ချိန်က ပထမဆုံးတာဝန်ထမ်းဆောင်ခဲ့တဲ့ ဝန်ကြီးက ဦးထွန်းအောင်ကျော်ဖြစ်ပြီး ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဝန်ကြီး စုစုပေါင်း ၄၀ ရှိပါပြီ။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ငွေရတုကာလ**

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ် ဝန်ကြီးဌာနရဲ့ စီးပွားရေးမူဝါဒက နိုင်ငံပိုင်စနစ်၊ ဆိုရှယ်လစ်စနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ရောနှောအသုံးပြုခြင်း ဖြစ်ပါတယ်။ တစ်ဖက်မှာ စီးပွားရေးလွတ်လပ်ခွင့်ပေးထားသလို အခြားတစ်ဖက်မှာလည်း ကန့်သတ်ထိန်းချုပ်မှုထားရှိရေး မူဝါဒကို ကျင့်သုံးခဲ့ပါတယ်။ အိမ်စောင့်အစိုးရလက်ထက်မှာ စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ခဲ့ပြီး တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှာ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ခဲ့ပါတယ်။

လွတ်လပ်ရေးရပြီးစကာလတွေမှာ နိုင်ငံလွတ်လပ်ရေးရရှိခဲ့ပေမယ့် စီးပွားရေးမှာမလွတ်လပ်ခဲ့ဘဲ တိုင်းတစ်ပါးသားတွေ လက်ဝါးကြီးအုပ်ခြယ်လှယ်မှုအောက်မှာ ရှိနေခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၄၇ ခုနှစ်နှောင်းပိုင်းမှာ ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာဥပဒေတွေကို ပြဋ္ဌာန်းရေးဆွဲဖို့နဲ့ နိုင်ငံတကာကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းကျောင်းဖို့အတွက် အကောက်ခွန်နဲ့ ကုန်သွယ်မှုဆိုင်ရာအထွေထွေသဘောတူညီချက် (General Agreement on Tariffs and Trade –GATT) ကို စတင်ဆွေးနွေးတဲ့နိုင်ငံတွေအထဲ ပါဝင်ခဲ့ပါတယ်။ မြန်မာကိုယ်စားလှယ် ဦးညွန့်ဟာ GATT စာချုပ်အဖွဲ့ဝင်နိုင်ငံ ၂၃ နိုင်ငံနဲ့အတူ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့မှာ ကျင်းပတဲ့ အစည်းအဝေးမှာ ပါဝင်တက်ရောက် လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)စတင်ဖွဲ့စည်းတဲ့အခါ Original Member အဖြစ် ပါဝင်ခွင့်ရရှိခဲ့ပါတယ်။

ပါလီမန်ဒီမိုကရေစီအစိုးရဟာ ၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှာ မြန်မာ့ဆန်နဲ့ တရုတ်ကုန်ပစ္စည်းများလဲလှယ်ရေး၊ မြန်မာ့ဆန်တန်ချိန် ၁ ဒသမ ၅ သိန်းကို တရုတ်နိုင်ငံကို တင်ပို့ရောင်းချရေးကိစ္စရပ်တွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း အိမ်စောင့်အစိုးရက စီးပွားရေးနဲ့ကုန်သွယ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားသားတွေ လွှမ်းမိုးချုပ်ကိုင်ထားတဲ့ မြန်မာ့စီးပွားရေးစနစ်ကို တွန်းလှန်ခဲ့ကြပါတယ်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်နဲ့ နောက်ပိုင်းကာလမှာ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပြီး ပုဂ္ဂလိကပိုင်လုပ်ငန်းတွေကို ပြည်သူပိုင်ပြုလုပ်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်မှာ ကုန်သွယ်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံပိုင်ကုန်သွယ်ရေးအဖွဲ့အစည်းများက ပြည်တွင်း/ပြည်ပ ကုန်သွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ကြပါတယ်။

**ရွှေရတုကာလ**

ရွှေရတုကာလအစမှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဆိုရှယ်လစ်စီးပွားရေးမူဝါဒများဖြစ်တဲ့ မြန်မာမှုပြုခြင်း (Burmanization)၊ ဗဟိုချုပ်ကိုင်မှုနဲ့ ကိုယ့်အားကိုယ်ကိုးတဲ့ ပြည်တွင်းဖူလုံမှု ရေးရှုမူဝါဒ (Inward–Looking Self–reliant policy) တွေကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းကုန်ထုတ်လုပ်ငန်းတွေကို ကာကွယ်ပေးဖို့နဲ့ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများကို အထောက်အကူဖြစ်စေဖို့ ပိုမိုအလေးထား ဆောင်ရွက်ခဲ့ပါတယ်။ စီမံချက်ဝင်သီးနှံများ စိုက်ပျိုးခြင်းနဲ့ သီးနှံတွေကို သတ်မှတ်ဈေးနှုန်းနဲ့ ပြန်လည်ဝယ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

**"ဝန်ကြီးဌာနရဲ့ ခေတ်အဆက်ဆက် ကုန်သွယ်မှုအခြေအနေကို လေ့လာကြည့်ရင် ငွေရတုကာလမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၇၀၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၉၀၊ ရွှေရတုကာလမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၃၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၀၉ သန်း၊ စိန်ရတုကာလမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၇၆၈၀၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၀၅၁ သန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် (၂)နှစ်တာကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၀၀၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၅၆၁ သန်း အများဆုံးကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်"**

၁၉၈၈ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ အရေးအခင်းကာလအတွင်း ဝန်ကြီးဌာနရုံးချုပ်နဲ့ ဌာနပိုင်အဆောက်အအုံတွေ ဖျက်ဆီးခြင်းခံခဲ့ရပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်အာဏာကို ရယူပြီးနောက် စီးပွားရေးဦးတည်ချက်လေးရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် ကုန်သွယ်ရေးဝန်ကြီး ဗိုလ်မှူးကြီး အေးဘယ်လ်က ကုန်သွယ်ရေးဝန်ထမ်းများနဲ့ တွေ့ဆုံပြီး **"ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနဲ့အညီ မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြဖို့နဲ့ မိမိထမ်းဆောင်ရတဲ့လုပ်ငန်းဟာ တိုင်းပြည်နဲ့ လူမျိုးအကျိုးရှိမှုကို အမြဲရှေးရှုဖို့"** ပြောကြားခဲ့ပါတယ်။

**စိန်ရတုကာလ**

စိန်ရတုကာလမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်နဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်လွှတ်တော်၊ ဒုတိယအကြိမ် လွှတ်တော်ကာလတွေမှာ နိုင်ငံတော်ရဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေဖြစ်မယ့် စီးပွားရေးမူဝါဒတွေ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ ဈေးကွက်အတွင်း အစိုးရက ကြားဝင်ဆောင်ရွက်တဲ့မူဝါဒနဲ့ ပြည်တွင်းစားသုံးမှုကို မထိခိုက်စေဘဲ ပိုလျှံတဲ့ ကုန်ပစ္စည်းများကို တင်ပို့တဲ့ ပို့ကုန်ပထမစနစ် (Export First) မူဝါဒကျင့်သုံးခဲ့ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ကုန်သွယ်မှုတိုးမြှင့်နိုင်ဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ထိစပ်နေတဲ့ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေကို ဖွင့်လှစ်ခဲ့ပါတယ်။ ပထမအကြိမ် လွှတ်တော်ကာလမှာ စီးပွားရေး ဦးတည်ချက်လေးရပ်နဲ့ ဒုတိယအကြိမ် လွှတ်တော်ကာလမှာ စီးပွားရေးဦးတည်ချက် ၁၂ ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ နိုင်ငံတော်က ချမှတ်ထားတဲ့ စီးပွားရေး ဦးတည်ချက်လေးရပ်ကို ပြည်ထောင်စုဝန်ကြီးရဲ့ ဦးဆောင်လမ်းညွှန်မှုအပေါ် ဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနနဲ့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့က ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ *စာမျက်နှာ ၇ သို့*



ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့ရှိ Palais des nation ၌ ကျင်းပသော GATT အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ် တက်ရောက်စဉ်။

*စာမျက်နှာ ၆ မှ*

မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချမှု မြှင့်တင်နိုင်ဖို့အတွက် **"မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂"** ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ကနေ ၇ ရက်နေ့အထိ နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဝန်ကြီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို ပိုမိုထိရောက်အောင်မြင်စေဖို့ ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်မှုနဲ့ ဝန်ကြီးဌာနရဲ့ ဆောင်ပုဒ်(Motto)ကို **"ဖွံ့ဖြိုးကုန်သွယ် နိုင်ငံကြွယ်" "Develop Trade, Prosper the State "**ဟု ပြင်ဆင်ခဲ့ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွား တိုးတက်မြင့်မားရေးအတွက် ထိရောက်တဲ့ ကုန်သွယ်မှုမူဝါဒများ ချမှတ်ဆောင်ရွက်ပေးခြင်းနဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများအပြင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ထုတ်ကုန်များ နိုင်ငံတကာဈေးကွက်မှာ ဈေးကွက်ဝေစု ပိုမိုရရှိရေးနဲ့ အလားအလာရှိတဲ့ ပို့ကုန်နဲ့ ဝန်ဆောင်မှုတွေကို ဈေးကွက်ရှာဖွေမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကုန်သွယ်မှုလုပ်ငန်းတွေ မျှတမှန်ကန်စေရေးနဲ့ လျင်မြန်ချောမွေ့စေရေးအတွက် ဘက်စုံကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံသားများရဲ့ စားသုံးသူအခွင့်အရေးကာကွယ်ရေး၊ ကုန်စည်နဲ့ ဝန်ဆောင်မှုဆိုင်ရာလုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ခေတ်မီကောင်းမွန်တဲ့ မူပိုင်ခွင့်စနစ်တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ မျက်မှောက်ကာလနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဒစ်ဂျစ်တယ်ကုန်သွယ်မှု (Digital Trade) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**ခေတ်အဆက်ဆက်ကုန်သွယ်မှုအခြေအနေ**

နိုင်ငံတော်ရဲ့ ကုန်သွယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေးဟာ ဝန်ကြီးဌာနရဲ့ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ ဝန်ကြီးဌာနရဲ့ **"ဖွံ့ဖြိုးကုန်သွယ်နိုင်ငံကြွယ်"** ဆောင်ပုဒ်နဲ့အညီ နိုင်ငံတကာနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေကို ဌာနစတင်တည်ထောင်ချိန်ကနေ ယနေ့အထိ ခေတ်အဆက်ဆက် တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဝန်ကြီးဌာနရဲ့ ခေတ်အဆက်ဆက် ကုန်သွယ်မှုအခြေအနေကို လေ့လာကြည့်ရင် ငွေရတုကာလမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၇၀၊ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ သန်း ၂၉၀၊ ရွှေရတုကာလမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၃၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၀၉ သန်း၊ စိန်ရတုကာလမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၇၆၈၀၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၀၅၁ သန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် (၂)နှစ်တာကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၀၀၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၇၅၆၁ သန်း အများဆုံးကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။



ငွေရတုကာလ မြန်မာနိုင်ငံ၏ နိုင်ငံတကာ ကုန်သွယ်မှုအခြေအနေ



ရွှေရတုကာလ မြန်မာနိုင်ငံ၏ နိုင်ငံတကာ ကုန်သွယ်မှုအခြေအနေ



စိန်ရတုကာလ မြန်မာနိုင်ငံ၏ နိုင်ငံတကာ ကုန်သွယ်မှုအခြေအနေ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေ

❑ **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွား တိုးတက်မြင့်မားရေးအတွက် ထိရောက်တဲ့ ကုန်သွယ်မှုမူဝါဒများ ချမှတ်ဆောင်ရွက်ပေးခြင်းနဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်**

◆ **မြန်မာနိုင်ငံရဲ့ စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ခေတ်မီကောင်းမွန်တဲ့ မူပိုင်ခွင့်စနစ်တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ မျက်မှောက်ကာလနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဒစ်ဂျစ်တယ်ကုန်သွယ်မှု (Digital Trade) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်**

မြန်မာနိုင်ငံဟာ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်း အဖွဲ့အစည်းများနဲ့ နှစ်နိုင်ငံ ကုန်သွယ်မှုတွေမှာ အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ ရွှေရတုကာလ ၁၉၉၃ ခုနှစ်ကနေ ယနေ့ တိုင် လွတ်လပ်သော ကုန်သွယ်မှုဒေသများဖြစ်တဲ့ ASEAN Free Trade Area (AFTA)၊ ASEAN–China၊ ASEAN–Korea၊ ASEAN–Japan၊ ASEAN–Australia, New Zealand၊ ASEAN–India၊ ASEAN–Hong Kong(China)၊ Regional Comprehensive Economic Partnership (RCEP) တို့မှာ သက်ဆိုင်ရာ နိုင်ငံ/အဖွဲ့အစည်းများနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ လွတ်လပ်ရေးမရမီကာလကတည်းက စတင်ပေါ်ပေါက်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးရဲ့ ငွေရတုကာလ၊ ရွှေရတုကာလ၊ စိန်ရတုကာလနဲ့ ယနေ့တိုင် နိုင်ငံတော်ရဲ့ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ ကုန်သွယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေး တာဝန်တွေကို နိုင်ငံတော်အစိုးရရဲ့ ၇၅ နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဆောင်ပုဒ်ဖြစ်တဲ့ **"ရှေ့သို့လှမ်းချီပန်းတိုင်ဆီ"** ဆောင်ပုဒ်နဲ့အညီ ရတုအဆက်ဆက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၈၆) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုတင်ပြလိုက်ရပါတယ်။

ရည်ညွှန်းကိုးကားချက်


၁။ မြန်မာနိုင်ငံ သမိုင်းစဉ်ထဲက အတ္ထုပ္ပတ္တိ အဘိဓာန် (၁၉၂၀–၁၉၈၈)၊ ဒိုင်အာခီခေတ်မှ လမ်းစဉ်ပါတီခေတ်အထိ နိုင်ငံတော်သမ္မတများ၊ ဒုတိယသမ္မတ၊ ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၏ အတ္ထုပ္ပတ္တိ

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နှစ်ပတ်လည်စာအုပ်များ (၁၉၅၀ မှ ၁၉၅၈ ထိ)

၃။ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ထုတ်ဝေသည့် မြန်မာ့ရက်စွဲသမိုင်းများစာအုပ် အပိုင်း(၁)၊ (၂)


## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၉၃၇ ခုနှစ်မှ ယနေ့အထိ ခေတ်အလိုက် ဝန်ကြီးဌာနအမည် ပြောင်းလဲခေါ်ဝေါ်ခဲ့မှုများ –

| | |
|---|---|
| (၁) ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | (၂၆.၃.၁၉၃၇ မှ ၁၀.၉.၁၉၄၂အထိ) |
| (၂) ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန | (၁.၈.၁၉၄၂ မှ ၁.၈.၁၉၄၃အထိ) |
| (၃) ဗမာပြည်ပြည်သူ့ဝမ်းစာဖူလုံရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | (၂.၈.၁၉၄၃ မှ ၂၉.၁၀.၁၉၄၃အထိ) |
| (၄) ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန | (၁၉၄၃ မှ ၁၉၄၅ အထိ) |
| (၅) ကူးသန်းရောင်းဝယ်ရေးနှင့် ရိက္ခာဝန်ကြီးဌာန | (၁.၁၁.၁၉၄၅ မှ ၂၅.၉.၁၉၄၆အထိ) |
| (၆) ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဌာန | (၂၇.၉.၁၉၄၆မှ ၁၀.၅.၁၉၄၇အထိ) |
| (၇) ကူးသန်းရောင်းဝယ်ရေး၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဌာန | (၁၉၄၇ မှ ၁၉၄၇ အထိ) |
| (၈) ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီးဌာန | (၁၉၄၇ မှ ၁၉၄၇ အထိ) |
| ( ၉ ) ကူးသန်းရောင်းဝယ်ရေးဌာန | (၁၉၄၇ မှ ၁၉၄၇ အထိ) |
| (၁၀) ကူးသန်းရောင်းဝယ်ရေး၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန | (၄.၁.၁၉၄၈ မှ ၁.၇.၁၉၄၈ အထိ) |
| (၁၁) ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဌာန | (၁၉၄၈ မှ ၁၉၅၁ အထိ) |
| (၁၂) ကူးသန်းရောင်းဝယ်ရေး၊ ပြည်သူ့ထောက်ပံ့ရေးနှင့် သမဝါယမဝန်ကြီးဌာန | (၁၉၅၂ မှ ၁၉၅၄ အထိ) |
| (၁၃) ကုန်သွယ်မှုတိုးတက်ရေးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန | (၁၉၅၄ မှ ၂၇.၂.၁၉၅၆ အထိ) |
| (၁၄) ကုန်သွယ်မှုတိုးတက်ရေးဌာနနှင့် ပစ္စည်းထောက်ပံ့ရေးဌာန | (၁၉၅၆ မှ ၁၉၅၈ အထိ) |
| (၁၅) ကုန်သွယ်မှုတိုးတက်ရေးဝန်ကြီးဌာန၊ သမဝါယမနှင့်ကုန်စည်ဖြန့်ဖြူးရေးဌာန၊ ပစ္စည်းထောက်ပံ့ရေးဌာန | (၁၉၅၈ မှ ၁၉၅၈ အထိ) |
| (၁၆) ကုန်သွယ်မှုတိုးတက်ရေးဌာန၊ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဌာန၊ ပစ္စည်းထောက်ပံ့ရေးဌာန၊ စက်မှုလက်မှုဌာန | (၂၇.၂.၁၉၅၉ မှ ၄.၄.၁၉၆၀ အထိ) |
| (၁၇) ကုန်သွယ်မှုတိုးတက်ရေးဌာနနှင့် ပစ္စည်းထောက်ပံ့ရေးဌာန | (၁၉၆၀ မှ ၁၉၆၂ အထိ) |
| (၁၈) ကုန်သွယ်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုလက်မှုဝန်ကြီးဌာန၊ပစ္စည်းထောက်ပံ့ရေးဝန်ကြီးဌာန | (၂.၃.၁၉၆၂ မှ ၇.၂.၁၉၆၃ အထိ) |
| (၁၉) ကုန်သွယ်မှုတိုးတက်ရေးနှင့် စက်မှုလက်မှုဌာန | (၁၉၆၃ မှ ၁၉၆၃ အထိ) |
| (၂၀) ထောက်ပံ့ရေးနှင့် သမဝါယမဝန်ကြီးဌာန၊ ကုန်သွယ်မှုတိုးတက်ရေးဌာန | (၁၉၆၄ မှ ၁၉၆၅ အထိ) |
| (၂၁) ကုန်သွယ်ရေးဝန်ကြီးဌာန | (၁၉၆၅ မှ ၁၉၉၆ အထိ) |
| (၂၂) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | (၇.၈.၁၉၉၆ မှ ယနေ့အထိ) |

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၂၃**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)** တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့ လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၈ ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၃၂ ပါတီဖြစ်၍ စုစုပေါင်း ပါတီ ၄၀ ဖြစ်သည်။ ယင်းပါတီ ၄၀ တွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၁၀ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၃၀ ဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့၊ ကံသာရပ်၊ တိတ်နန်းတံတားအနီး၊ ရုံးကြီးလမ်းတွင် ပါတီရုံးချုပ်တည်ရှိသော **အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၂-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)၏ အလံပုံစံ**



**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပညာလမ်း၊ အမှတ် (၁၀၁၀/ခ) တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၂-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ၏ အလံပုံစံ**



**အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ မန်ဆူရှမ်းကျောင်းနောက်၊ ဟူးမွန်လမ်း၊ အမှတ် (၅/၁၉/၇၆၄)တွင် ပါတီရုံးချုပ်တည်ရှိသော **ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KKDUP)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၂-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KKDUP)၏ အလံပုံစံ**



**ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KKDUP)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ တာမွေအဝိုင်းအနီး၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ပထမထပ်၊ အမှတ်(၄၇)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၂-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]၏ အလံပုံစံ**



**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရေနံချောင်းမြို့နယ်၌ မြစိမ်းရောင်ရန်ပုံငွေဖြင့် ကျောက်ရိုးစီမြေထိန်းနံရံ တည်ဆောက်

**မကွေး မတ် ၂၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စလေကုန်းရပ် မြစိမ်းရောင်(ငါးကဏ္ဍ)အရင်းမပျောက်ရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုစုပေါင်း ထည့်ဝင်ငွေဖြင့် ရွာအဝင်လမ်း ကမ်းပါးပြိုသည့်နေရာကို ကျောက်ရိုးစီမြေထိန်းနံရံ ဆောင်ရွက်ခြင်းလုပ်ငန်း တည်ဆောက်ပြီးစီးမှုကို ယမန်နေ့က မကွေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို မကွေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်နှင့်တာဝန်ရှိသူများက လုပ်ငန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ကျောက်ရိုးစီမြေထိန်းနံရံ ဆောင်ရွက်ခြင်းလုပ်ငန်းကို စလေကုန်းရပ်ကွက် မြစိမ်းရောင်(ငါးကဏ္ဍ) ရန်ပုံငွေကြီးကြပ်မှုကော်မတီ၏ အရင်းမပျောက်ရန်ပုံငွေအတိုးရငွေ ငွေကျပ် ၂၅ သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေ ငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၄၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုစည်သူ(မကွေး)**

# (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နဝင်းချောင်းကူးတံတား၊ ကျေးရွာချင်းဆက်လမ်းများနှင့် ကုန်ထုတ်လမ်းဖွင့်ပွဲအခမ်းအနားများ ကျင်းပ



နေပြည်တော် မတ် ၂၃

**(၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် မကျီးပင်အုပ်စုအတွင်းရှိ ကျေးရွာတို့ကို ဆက်သွယ်ထားသော နဝင်းချောင်းကူး သံကူကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနား၊ ပုဏ္ဏမာ – ရွာတော်ကုန်းကျေးရွာချင်းဆက်လမ်းနှင့် လယ်ဝေးမြို့နယ် အောင်ကြီးကုန်း ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းက အဆိုပါနေရာများတွင် ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယနေ့ဖွင့်လှစ်သည့် “နဝင်းချောင်းကူးတံတား” သည် စံချိန်စံညွှန်းနှင့်အညီ အဆင့်မြင့်တင် တည်ဆောက်ထားသည့် ကျေးလက်လမ်း၊ တံတား များ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဒေသခံ ပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန်နှင့် ယာဉ်များကို ခွင့်ပြု အလေးချိန်များအတိုင်း ဖြတ်သန်းမောင်းနှင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ယခု နဝင်းချောင်းကူးတံတား တည်ဆောက်နိုင်မှုကြောင့် မကျီးပင်ကျေးရွာဘက်ကမ်းမှ ကျေးရွာ ငါးရွာရှိ အိမ်ခြေ ၆၄၂ အိမ်၊ လူဦးရေ ၂၇၇၇ ဦးကို အကျိုးပြုမည်ဖြစ်ပြီး တံတားရေရှည် တည်တံ့ခိုင်မြဲစေရန် ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်း စောင့်ရှောက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက တံတား တည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်နှင့် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်တို့က နဝင်းချောင်းကူး သံကူကွန်ကရစ်တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသော ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကာ တံတားအား ဖြတ်သန်းကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ရန်ကုန် – မန္တလေး လမ်းဟောင်းမှ ပုဏ္ဏမာ – ရွာတော်ကုန်းကျေးရွာ ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းဖွင့်ပွဲအခမ်း အနားသို့ ရောက်ရှိကြပြီး နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်နှင့် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကတ္တရာလမ်းသစ်အား လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ ပုဏ္ဏမာ – ရွာတော်ကုန်း ကျေးရွာချင်းဆက် လမ်းမှာ အရှည်တစ်မိုင် ၂ ဒသမ ၆ ဖာလုံရှိပြီး ကျေးရွာနှစ်ရွာမှ တောင်သူများ၏ စိုက်ပျိုးကေ ၃၃၀ ကျော်ကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် အောင်ကြီးကုန်း ကျေးရွာကုန်ထုတ်လမ်းဖွင့်ပွဲ အခမ်းအနား တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်တို့က ကုန်ထုတ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်ပို့ချလျက်ရှိသော လုပ်ငန်းခွင်ဝင်သင်တန်းသို့ ရောက်ရှိကာ သင်တန်းတက်ရောက်နေသော ဝန်ထမ်းသစ်များနှင့် တွေ့ဆုံ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပျဉ်းမနားခရိုင်ရုံးရှိ ကျေးလက်လမ်း၊ တံတားသုတေသနဖွံ့ဖြိုးရေးဌာနခွဲသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်မော်တော်ယာဉ်နှင့် လျှပ်စစ်ဘတ်စ်ကား ဓာတ်အားဖြည့်သွင်းရုံများ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၃**

Earth Renewable Energy Co.,Ltd မှ တည်ဆောက်ပြီးစီးသည့် လျှပ်စစ်မော်တော်ယာဉ်နှင့် လျှပ်စစ်ဘတ်စ်ကား ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင် (၂၀၁/၁) (စီလမ်းဆုံ) ယာဉ်ရပ်နားစခန်းရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။



ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က အဖွင့်အမှာစကားပြောကြားပြီး Earth Renewable Energy Co.,Ltd မှ တာဝန်ရှိသူက EV Charging Station တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက လျှပ်စစ်မော်တော်ယာဉ်နှင့် လျှပ်စစ်ဘတ်စ်ကား ဓာတ်အားဖြည့်သွင်းရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က Electric Vehicle Charging Station ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက လျှပ်စစ်သုံးယာဉ်များအတွက် လျှပ်စစ်ဓာတ်အား ဖြည့်သွင်းရုံ (EV Charging Station) အတွင်း ကြည့်ရှုလေ့လာပြီး လျှပ်စစ်သုံးယာဉ်များ လက်တွေ့အားဖြည့်နေမှုနှင့် စမ်းသပ်မောင်းနှင်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ Grand Sirius (Enterprise) Co.,Ltd မှ တည်ဆောက်ပြီးစီးသည့် လျှပ်စစ်ကား ဓာတ်အားဖြည့်သွင်းရုံ GSE Charging Station (NPT) ဖွင့်ပွဲအခမ်းအနားကို ပျဉ်းမနား – တောင်ညိုလမ်း၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဧည့်ရိပ်သာရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က Electric Vehicle Charging Station ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက GSE Charging Station (NPT) အတွင်း ကြည့်ရှုလေ့လာကြပြီး လျှပ်စစ်သုံးယာဉ်များ လက်တွေ့အားဖြည့်နေမှုနှင့် စမ်းသပ်မောင်းနှင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

မြန်မာနိုင်ငံတွင် သဘာဝရုပ်ကြွင်း လောင်စာဆီသုံးစွဲမှုကို လျှော့ချရန် လျှပ်စစ်ကားများ ပြေးဆွဲအသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် နေပြည်တော်တွင် လေးနေရာ၊ ရန်ကုန်မြို့တွင် ငါးနေရာ၊ မန္တလေးမြို့တွင် ငါးနေရာနှင့် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ငါး နေရာ စုစုပေါင်း ၁၉ နေရာကို Pilot Project အနေဖြင့် တာဝန်ခွဲဝေ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခုလို စက်သုံးဆီရှားပါးလာမှုနှင့် ဈေးနှုန်းမြင့်မားနေသည့် အချိန်တွင် လျှပ်စစ်သုံးကားများ အသုံးပြုခွင့်ပေးခြင်းဖြင့် ပြည်သူများအတွက် သွားလာရေးစရိတ်များ သက်သာလာမည်ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန် ၊ မန္တလေးမြို့ကြီးများတွင် EV ယာဉ်များကို မြို့ပြလမ်းကွန်ရက်စနစ်များတွင် ပြေးဆွဲရာ၌ အဆင်ပြေကောင်းမွန်အောင် စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်နိုင်ငံလုံးရှိ အဓိကလမ်းကွန်ရက်များတွင်ပါ ပြေးဆွဲနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

နေပြည်တော် မတ် ၂၃

နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အမျိုးသားနိုင်ငံရေး ဦးဆောင်မှုကို တာဝန်ခံသည့် တပ်မတော်

မိုးမြင့်

**ယနေ့မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးသမိုင်း၊ တပ်မတော်သမိုင်း၊ နိုင်ငံဖြစ်တည်မှုသမိုင်းတို့နှင့် ခွဲခြား၍မရလောက်အောင်ပင် အစဉ်အလာကြီးမားသော တပ်မတော်ဖြစ်သည်။ တပ်မတော်သည် တိုင်းပြည်ကို ပြိုကွဲပျက်စီးအောင်ပြုလုပ်မည့်အဖွဲ့အစည်းမဟုတ်မူ၍ တိုင်းရင်းသားနှင့် ပြည်သူအပေါ် သစ္စာဖောက်မည့် အဖွဲ့အစည်းမဟုတ်သည်မှာလည်း သေချာသည်။ အတိတ်ရော၊ ပစ္စုပ္ပန်မှာပါ တိုင်းပြည်နှင့် ပြည်သူ့အကျိုးအတွက် အရေးသုံးပါးဘက်မှ မားမားမတ်မတ် ရပ်တည်နေပြီး ဖြောင့်မတ်မှန်ကန်စွာထမ်းဆောင်နေဆဲဖြစ်သလို အနာဂတ်အတွက်လမ်းပြမြေပုံနှင့် ကောင်းမွန်သည့်သန္ဓေတည်နိုင်အောင်လည်း ကြိုးစားအားထုတ်လျက်ရှိသည်။**

အမှန်ကို အမှန်အတိုင်း လမ်းမှန်ပြ၊ အမှားကို အမုန်းခံ၍ အမှန်ပြုကာ ပြည်သူအချင်းချင်း မုန်းတီးအောင်လည်း မျိုးစေ့ မချခဲ့ဖူးပါ။ အချုပ်အခြာ၊ အမျိုးသား အကျိုးစီးပွားနှင့် ဘာသာ၊ သာသနာကိုသာ အစဉ်ကာကွယ် စောင့်ရှောက် ထိန်းသိမ်းပေးလျက်ရှိသည်။ ကာလသုံးပါးလုံး ပြည်သူနှင့် နိုင်ငံအတွက်မကြည့်ဘဲ ပြည်သူအပေါ် သစ္စာဖောက်နေသည့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှိုင်းယှဉ်ဖို့ မလိုလောက်အောင် မိုးနှင့် မြေပမာ ကွာခြားလွန်းသည်။ တပ်မတော်က ညီညွတ်ရေး ပြိုကွဲမည့် စကားမပြော၊ အကြမ်းဖက်စကားမပြော၊ နိုင်ငံကိုပျက်စီးအောင် မလုပ်၊ အပြောကို အလုပ်နှင့် သက်သေပြနိုင်အောင်သာ ကြိုးစားလျက်ရှိသည်။



(၇၆)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြသည့် စစ်ကြောင်းကြီးများ။

### တစ်ခုတည်းသော တပ်မတော်

နိုင်ငံတွင် တပ်မတော်ဟူ၍ တစ်ခုတည်းသာ ရှိသည်။ အခြား မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမှ နိုင်ငံတော်နှင့် ပြည်သူကို ကိုယ်စားမပြုပါ။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံးကို ကိုယ်စားပြု၍ ပြည်သူအကျိုးကိုသာ ကြည့်သည်။ အရေးကြုံက လေ့ကြုံမလိုက်၊ ရေသာမခို နိုင်ငံနှင့်ပြည်သူအတွက် ဘေးသင့်လာလျှင် ပြည်သူ့ဘက်မှ မားမားမတ်မတ် ရပ်တည်၍ ပြည်သူကို ကာကွယ်စောင့်ရှောက်သည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည် မခွဲခြား။ အားလုံးသည် မိမိအရေးသာ ဖြစ်သည်ဟု ခံယူသည်။ ကာကွယ်ရေးကဏ္ဍ၌သာမက နိုင်ငံတည်ဆောက်ရေးမှာလည်း ပါသည်။ နိုင်ငံကိုပြိုကွဲအောင်၊ မိမိပြည်နယ်၊ မိမိတိုင်းဒေသကြီး၊ မိမိဒေသ၊ မိမိလူမျိုး အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်း ဒုက္ခပေးနေသည့် ဘေးအန္တရာယ်များကြား၊ အဖျက်အဆီးများကြားမှ မရရအောင် ပြန်လည်တည်ဆောက် ပေးနေသည်မှာလည်း တပ်မတော်ပင် ဖြစ်သည်။ သို့သော် တပ်မတော် မုန်းတီးရေးဝါဒမှိုင်းများကြား ကြိုးစားဖြေရှင်း ရှုန်းကန်နေရဆဲဖြစ်သည်။ ဘာကြောင့်ပါလဲ။ ဒီနိုင်ငံက ငါတို့နိုင်ငံ၊ ဒီပြည်သူတွေက ငါတို့ပြည်သူ၊ ဒီလူမျိုးတွေက ငါတို့လူမျိုးဟူ၍ တပ်မတော်က အလေးအနက် ခံယူထား၍သာ ဖြစ်သည်။

### စိတ်ဓာတ်စည်းကမ်း သစ္စာစည်းလုံးမှု ခိုင်မာသည့်အဖွဲ့အစည်း

အချို့ကလည်း တပ်မတော်ကြောင့် နိုင်ငံပျက်စီးနေရသည်၊ နိုင်ငံသားတွေ စိတ်ဓာတ်ပျက်ပြားနေရသည်ဟု စွပ်စွဲလိုကြသည်။ ဤနေရာတွင် နိုင်ငံသားအားလုံးနှင့်ဆိုင်သော အချက်ကိုသာ ထောက်ပြချင်သည်။ တစ်ဦးချင်း၏ ကိုယ်ကျင့်တရား၊ ကျင့်ဝတ်၊ စာရိတ္တ၊ စိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုးအပေါ်ထားသည့် သစ္စာတရား ခံယူချက်နှင့်သာ ဆိုင်မည်ထင်သည်။ ဤသို့ဖြင့် သပ်လျှိုဖြိုခွဲပြိုကွဲစေသည့် သွေးခွဲစကားများကို ကြားနေကြုံနေရဆဲဖြစ်သည်မှာ လက်ရှိအရှိတရားဖြစ်သည်။ နိုင်ငံရေးအရ ဦးဆောင်မှုကဏ္ဍတွင် ရပ်တည်နေရဆဲဖြစ်၍ ယနေ့လိုကာလတွင် ဘယ်သူ့ကိုမှ ယုံ၍မရသေး၊ နိုင်ငံကိုဦးဆောင်နေရဦးမည်သာဖြစ်သည်။ အချို့က တပ်မတော်မရှိလျှင် နိုင်ငံအေးချမ်းမည်ဟု ဆိုသူက ဆိုသည်။ ကိုယ့်နိုင်ငံရေးအခြေအနေ၊ ကိုယ့်အခြေအနေကို ကိုယ်ပင် ကောင်းစွာ မဖတ်တတ်သူများဟု ဆိုရမည်။

ကံဆိုးသည်က နိုင်ငံတွင် တပ်မတော်ကဲ့သို့ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှုပေတံများနှင့် တိုင်းတာနိုင်သည့် လက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်း ယခုအချိန်အထိ မရှိသေးခြင်းပင်ဖြစ်သည်။ တပ်မတော်မှလွဲ၍ ဗမာရော၊ တိုင်းရင်းသားများပါ လက်နက်ရှိလျှင် သတ်ကြ၊ ဖြတ်ကြ၊ ကွဲကြသည်က များသည်။ ကိုယ့်လူမျိုးအချင်းချင်းလည်း သတ်ရဲဖြတ်ရဲသည်။ ထိပ်ပိုင်းခေါင်းဆောင်အချင်းချင်းလည်း သစ္စာမရှိ၊ လုပ်ကြံသတ်ဖြတ်သည်။ တော်လှန်ရေးသမားအချင်းချင်းလည်း လက်ရဲဇက်ရဲသတ်ဖူးကြသည်။ ဒါကိုပင် တပ်မတော်မရှိမှသာ တိုင်းပြည်ငြိမ်းချမ်းမည်ဟု ဆိုဝံ့သူက ရှိသေးသည်။

### လိုအပ်ချက်များအရ ပါဝင်ထမ်းရွက်နေရဦးမည့် တပ်မတော်

ပြောကြသည်။ တပ်မတော်က နိုင်ငံရေးလောကမှ မထွက်ချင်ဘူးဆိုသည့် ဝေဖန်ချက်။ နိုင်ငံရေးလောကမှ ထွက်ချင်သည့်အတွက် ရာနှုန်းပြည့်ယူထားရာမှ ၂၅ ရာခိုင်နှုန်းထိ လျှော့ချပါဝင်ခဲ့သည်ကို သတိပြုဖို့ကောင်းသည်။ ပြည်ထောင်စုကြီးပြိုကွဲမည့် အရိပ်အယောင်ရှိနေသရွေ့၊ အချုပ်အခြာ ခြိမ်းခြောက်မှုခံနေရသရွေ့၊ တိုင်းရင်းသားများညီညီညွတ်ညွတ်မရှိသရွေ့၊ တပ်မတော်ကိုပြိုကွဲစေမည့် အကြံအစည်များ ရှိနေသရွေ့ တပ်မတော်၏နိုင်ငံရေးတွင် ပါဝင်မှုအလားအလာ လျော့ပါးသွားရန် ခဲယဉ်းသည်။ မရင့်ကျက်သေးသည့် နိုင်ငံရေးစနစ်တွင် တပ်မတော်က လိုအပ်ချက်အရ ပါဝင်နေရခြင်းသည် အမှားအယွင်းတစ်ခုမဟုတ်ပါ။

မြန်မာ့နိုင်ငံရေးသမိုင်းမှာ တပ်မတော်၏ ပါဝင်မှုသည် အထူးအဆန်းတော့မဟုတ်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းက နိုင်ငံရေးအရ တိုက်ပွဲဝင်မည့်နိုင်ငံရေးသမားအများစုသည် တပ်မတော်သားဘဝမှတစ်ဆင့် လူလားမြောက်သူများဖြစ်ခဲ့ကြသည်ဆိုသည်မှာ သမိုင်းကြောင်းအရ သိထားသင့်သည့်အရာဖြစ်သည်။ ခေတ်အဆက်ဆက် တပ်မတော်သား နိုင်ငံရေးသမားဟူသည် စစ်ရေး၊ နိုင်ငံရေးအမြင် ထွန်းတောက်ခဲ့ကြသူများဖြစ်၍ တိုင်းပြည်၏အချုပ်အခြာနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသူများ ဖြစ်ခဲ့ကြသည်။ နိုင်ငံရေးသမားများ မညီညွတ်သရွေ့၊ လူမျိုးရေး၊ ဘာသာရေးအကြောင်းပြ၊ နိုင်ငံရေးဝင်ရောက်စွက်ဖက်မှုများရှိနေသေးသရွေ့ မြန်မာနိုင်ငံရေးတွင် တပ်မတော်၏ အခန်းကဏ္ဍ ဆက်လက်ရှိနေဦးမည်သာဖြစ်သည်။ တိုးတက်မှုဘက် ဦးမတည်သည့် အရေးမပါသော ကွဲပြားမှုများရှိနေသေးသရွေ့၊ မလိုလားအပ်သော အားပြိုင်မှုများရှိနေသေးသရွေ့ တပ်မတော်အနေဖြင့် နိုင်ငံတာဝန်ကို ရယူပြီး အန္တရာယ်မှန်သမျှ တားဆီးနေရဦးမည်သာ ဖြစ်သည်။

**နိုင်ငံတွင် တပ်မတော်ဟူ၍ တစ်ခုတည်းသာ ရှိသည်။ အခြား မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမှ နိုင်ငံတော်နှင့် ပြည်သူကို ကိုယ်စားမပြုပါ။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံးကို ကိုယ်စားပြု၍ ပြည်သူအကျိုးကိုသာ ကြည့်သည်။ အရေးကြုံက လေ့ကြုံမလိုက်၊ ရေသာမခို နိုင်ငံနှင့်ပြည်သူအတွက် ဘေးသင့်လာလျှင် ပြည်သူ့ဘက်မှ မားမားမတ်မတ်ရပ်တည်၍ ပြည်သူကို ကာကွယ်စောင့်ရှောက်**

### ဆက်လက်ရှိနေဦးမည့် နိုင်ငံရေးဦးဆောင်မှုကဏ္ဍ

နိုင်ငံလွတ်လပ်ရေးကို ရယူပေးခဲ့ပြီး လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော တပ်မတော်ဖြစ်၍ နိုင်ငံလွတ်လပ်ရေးဆုံးရှုံးစေမည့်အရေး၊ နိုင်ငံကို ပျက်စီးစေမည့်အရေးကိုတော့ တပ်မတော်က ဘယ်တော့မှလုပ်မှာ မဟုတ်တာ သေချာသည်။ သို့ဆိုလျှင် တပ်မတော်က တိုင်းပြည်အာဏာကို ဘာကြောင့်ရယူနေရပါသနည်း။ နိုင်ငံရေးနောက်ခံအကြောင်းတရားများ၊ အချုပ်အခြာဆုံးရှုံးနိုင်သည့် အကြောင်းတရားများကို မြင်အောင်ကြည့်စေလိုသည်။ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများကို အတွေးမှား၊ အမြင်မှား၊ အယူမှားအောင် လုပ်ကြံဖန်တီးပုတ်ခတ်မှုများ ရှိနေဆဲဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ပုံရိပ်ကျဆင်းအောင် ဖန်တီးနေကြဆဲဖြစ်သည်။ ရာဇဝတ်၊ အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးပြဿနာများကြောင့် အမျိုးသားလုံခြုံရေး စည်းကျိုးပေါက်နိုင်မှုအခြေအနေများ ရှိဆဲဖြစ်သည်ကို လက်ခံရမည်ဖြစ်သည်။

ထို့ကြောင့်လည်း နိုင်ငံနှင့်ပြည်သူအတွက် လုံခြုံရေးအာမခံချက်ခိုင်ခိုင်မာမာရရှိပြီး အတိုင်းအတာတစ်ခုအထိ တည်ငြိမ်အေးချမ်းသည်အထိ တပ်မတော်၏အခန်းကဏ္ဍမှာ မပြောင်းမလဲရှိနေဦးမည်သာ ဖြစ်သည်။ နိုင်ငံရေးမှာ ဝင်ပါနေရသော်လည်း တပ်မတော်၏ နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာ အမျိုးသားနိုင်ငံရေးဖြစ်သကဲ့သို့ ဖော်ဆောင်သည့် အကျိုးစီးပွားမှာလည်း အမျိုးသားအကျိုးစီးပွားသာ လျှင်ဖြစ်သည်ကို သတိချပ်သင့်သည်။

### အလုံးစုံဆုံးရှုံးပျက်စီးမှုသို့သာ ဦးတည်ခဲ့မှုများ

ယခုလက်ရှိအခြေအနေများကိုပင်ကြည့်ပါ။ တပ်မတော်က အရပ်သားအစိုးရထံ အာဏာအပ်ချင်၍ အထွေထွေရွေးကောက်ပွဲပြုလုပ်ဖို့ စိုင်းပြင်းနေသည်။ ဒါကို ကဖျက်ယဖျက်လုပ်နေသည်က ဘယ်သူတွေလဲ။ ရွေးကောက်ပွဲကို အသိအမှတ်မပြု၊ ရွေးကောက်ပွဲကို ဖျက်ဆီးမည့် ပြည်ဖျက်အုပ်စုများ၏

*စာမျက်နှာ ၁၁ သို့*

# တပ်နှင့်ပြည်သူ လက်တွဲကူ

ဘိုမျိုး(ရွှေဘို)

❖ တပ်မတော်နေ့ မမေ့အပ်ရာ
နေ့ထူးခါဝယ် ညီညာလက်တွဲ
ပြည်သူနှင့်၍ မခွဲစတမ်း
လျှောက်လှမ်းလျက်ညီ ဒီမိုကရေစီသို့
ပီပြင်လုပ စနစ်ကျအောင်
တပ်ကညီညီ ပါဝင်ပြီ
ပြည်သူ့အတွက်ဖြစ်ပေသည်။

❖ ပြည်သူနှင့်တွဲ အောင်ပွဲများတွင်
ထိုစဉ်ကာလ ပြန်တွေးဆတော့
မတ်လနှစ်ဆယ့်ခွန် ရက်မြတ်မွန်မှာ
လွန်စွာဆိုးညစ် ထိုဖက်ဆစ်ကို
စစ်မှာပြောက်ကျား တိုက်ထုတ်ထားသည်
ကြီးမားဆင်နွှဲ တို့အောင်ပွဲ။
တပ်နှင့်ပြည်သူစဉ်လက်တွဲ။

❖ အောင်လံလွှင့်ထူ တို့ဂုဏ်ယူပြီ
ပြည်သူအားလုံး အစဉ်ပြုံးဖို့
သုံးပါးအရေး ကာကွယ်ပေးကာ
အရေးကြုံတိုင်း တုံ့မဆိုင်းတာ
သမိုင်းမှာကြည့် ထင်ရှားဘိ။

❖ ယနေ့ချိန်ခါ ပြည်မြန်မာကို
ကာကွယ်ရန်သည် ခေတ်မီတပ်မတော်
ခေတ်နှင့်လျော်မည့် တည်ရှိစွမ်းအား
အများနှင့်ယှဉ် တို့ပင်ရှေ့ရောက်
နောက်ကမလိုက် တိုက်ခိုက်စွမ်းရည်
စစ်သည်တော်အစွမ်း အံ့မခန်းမို့
ရည်မှန်းပန်းတိုင် ရောက်နိုင်မသွေ
တိုင်းပြည်အတွက် ကာကွယ်နေ။
တပ်နှင့်ပြည်သူအောင်ပွဲပေ။
မတ်လသည်နွေဂုဏ်သက်သေ။

(၇၈)နှစ်မြောက်တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုလျက်

## (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဒူဝါဇော်ရစ်လမ်း အဆင့်မြင့် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် မတ် ၂၃

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ဒူဝါဇော်ရစ်လမ်း အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် White Monolith ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက လမ်းတံတားလုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး လမ်းဖောက်လုပ်ထားရှိမှု အခြေအနေများကို ကြည့်ရှုကြသည်။

အဆိုပါ အဆင့်မြင့် နိုင်လွန်ကတ္တရာလမ်းသစ်လမ်းမှာ အရှည် ပေ ၂၅၃၀၊ အကျယ် ၂၄ ပေ၊ ထု ၃ လက်မရှိပြီး တက်ကုန်းရပ်ကွက်နှင့် စီတာပူရပ်ကွက်တို့ကို ဆက်သွယ်ထားသည့် အဓိကလမ်းမကြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

အကြံအစည်ကပင် တပ်မတော်ကို နိုင်ငံရေးလောကမှ မထွက်ခွာနိုင်အောင် လုပ်သကဲ့သို့ဖြစ်နေသည်။ တပ်မတော်ကို နိုင်ငံရေးမှ ထွက်စေချင်လျှင် တပ်မတော်နှင့် ယုံကြည်မှု တည်ဆောက်နိုင်ဖို့သာ လိုအပ်သည်။ အပြန်အလှန်ယုံကြည်မှုအတွက် အပြန်အလှန်နားလည်မှု ရှိသင့်သည်ဟု မြင်သည်။

နားလည်မှု၊ ယုံကြည်မှုမပေးခဲ့သည့်အတွက် ယုံကြည်မှုများ ပျောက်ဆုံးပြီး အပြန်အလှန်ဆက်ဆံရေးများ အားမကောင်းခဲ့သည်ကို သင်ခန်းစာယူသင့်သည်။ တပ်မတော်နှင့် အပြုသဘောဆက်ဆံရေးနေရာတွင် အမုန်းတရားတို့က နေရာယူခဲ့သည်ကို တွေ့ရသည်။ အလွှာစုံမှာ အမုန်းတရားကို ပျိုးထောင်ခဲ့မှုက အလုံးစုံပျက်စီးဆုံးရှုံးမှုဆီသို့သာ ဦးတည်ခဲ့သည်။ မဟုတ်မမှန်သတင်းအချက်အလက်များဖြင့် ပြည်သူကို သိမ်းသွင်း၊ တပ်မတော်နှင့်ပြည်သူအကြား သွေးခွဲခဲ့ကြသည်။ မိဘပြည်သူများ စိတ်မချမ်းမသာဖြစ်ရပြီး လူငယ်တွေဘဝ ပျက်ကြရသည့်အခါ နိုင်ငံတော်အတွက်လည်း ထိခိုက်မှုများစွာရှိခဲ့သည်။

**ငြိမ်းချမ်းရေးကို လိုချင်လွန်း၍သာ**

မြန်မာ့သမိုင်းခေတ်အဆက်ဆက်တွင် နိုင်ငံ၌ အစိုးရအဆက်ဆက် ဘယ်လိုပြောင်းပြောင်း၊ စနစ်ဘယ်လိုပြောင်းပြောင်း ပါလီမန်ဒီမိုကရေစီခေတ်၊ ဆိုရှယ်လစ်ခေတ်၊ တပ်မတော်အစိုးရခေတ်၊ ပါတီစုံဒီမိုကရေစီခေတ် ဘယ်ခေတ်ရောက်ရောက် ဖိအားမျိုးစုံနှင့် လွတ်သည်မရှိ၊ စိန်ခေါ်မှုများစွာကြုံတွေ့ခဲ့ဖြေရှင်းခဲ့ရသည်ချည်းဖြစ်သည်။ အတက်အကျ၊ အနိမ့်အမြင့် ကံကြမ္မာမျိုးစုံကြုံတွေ့ခဲ့ရသော မြန်မာ့တပ်မတော်သည် ယခုအချိန်ကစ၍ အကျမရှိ၊ အနိမ့်မရှိ တည်တည်ငြိမ်ငြိမ်ဖြင့် စည်းရုံးရင်းလေ့ကျင့်၊ လေ့ကျင့်ရင်းစည်းရုံး၊ ပြည်ပကျူးကျော်မှုကို အချိန်မရွေး ရင်ဆိုင်နိုင်မည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်အဖြစ်သို့ ကူးပြောင်းရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်ကို တွေ့ရသည်။ ပြည်ပရန်ကို ရင်ဆိုင်ရန်ပြင်ဆင်ပြီး ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဦးတည်ချက်ထားသည်။

သို့သော် ပြည်တွင်းအဖျက်သမားအကြမ်းဖက်များနှင့် ကိုယ့်လူမျိုးအချင်းချင်း ရင်ဆိုင်တိုက်ခိုက်နေရသည်မှာ ဝမ်းနည်းစရာ ကောင်းလှသည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကို လိုချင်လွန်း၍ စစ်မတိုက်ချင်ဘဲ တိုက်နေရသည်။ တိုင်းပြည်ထူထောင်ရေးလုပ်ရမည့်အချိန်မှာ လက်နက်ကိုင်ပဋိပက္ခများနှင့်သာ အချိန်ကုန်ပြီး အသက်တွေ၊ ခန္ဓာတွေ ပေးဆပ်နေရသည်။ သို့သော်လည်း တပ်မတော်သည် ကာကွယ်ရေး၊ လုံခြုံရေးတာဝန်များနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း မလစ်ဟင်းစေရဘဲ အချုပ်အခြာနှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်ဆိုခြင်းကိုတော့ နိုင်ငံရေးသမားအားလုံး၊ လက်နက်ကိုင်အဖွဲ့အားလုံး ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်နိုင်စွမ်းရှိသင့်သည်။ အမှန်တကယ်လည်း မြန်မာ့တပ်မတော်သားအားလုံးသည် ငြိမ်းချမ်းရေးကို အရယူဖို့ ဆန္ဒပြင်းပြကြသည်မှာ ရှေ့ဆုံးကဖြစ်သည်။ စစ်၏အနိဋ္ဌာရုံများကို အသိဆုံးဖြစ်သော်လည်း ငြိမ်းချမ်းချင်၍သာ အသက်ပေးတိုက်ခိုက်နေရခြင်းဖြစ်သည်။

မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံနှင့်တိုင်းရင်းသား ပြည်သူအပေါင်းတို့၏အရေးကို ပြုလုပ်ခဲ့၊ ပြုလုပ်ဆဲဖြစ်ပြီး နောင်လည်းဆက်လက်ပြုလုပ်ရမည့် လုပ်ငန်းစဉ်များစွာ ရှိနေသည်။ နိုင်ငံတကာ ပဋိပက္ခများကြားတွင် နိုင်ငံအပေါ် သက်ရောက်မှုအတိုင်းအတာအလိုက် ကမ္ဘာ့ငြိမ်းချမ်းရေးကို ဦးတည်သည့် ဒေသတွင်းနှင့် အခြားမဟာမိတ်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများစွာ ရှိနေသည်။ လောလောဆယ် ပြည်တွင်း၊ ပြည်ပလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် မိမိနိုင်ငံ အချုပ်အခြာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ဦးစားပေးကာကွယ်စောင့်ရှောက်နေရဆဲ ဖြစ်သည်။ ရောဂါကပ်ဘေး၊ နိုင်ငံရေးပဋိပက္ခများနှင့် ဆက်နွှယ်၍ ကျဆင်းနေသော ပြည်သူတို့၏ လူမှုစီးပွားဘဝများ တည်ငြိမ်အောင် စဉ်ဆက်မပြတ် ဆောင်ရွက်နေရသည်။ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝနှင့် ပြည်တွင်းပဋိပက္ခများ အပြန်အလှန်ဆက်စပ်နေခြင်းကြောင့်လည်းဖြစ်သည်။ တစ်ချိန်တည်းမှာ လက်ရှိဆောင်ရွက်ဆဲ နိုင်ငံရေး အခင်းအကျင်းများ ဆက်လက် တည်ငြိမ်မှုရှိအောင် ဆောင်ရွက်ရပါဦးမည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့်အတူ မတူကွဲပြားမှုများကြားမှာ အမျိုးသားရင်ကြားစေ့ရေးနှင့်တကွ ဘုံရည်မှန်းချက်များအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကျန်ရှိနေပါသေးသည်။ ကွဲပြားနေသော လူမှုယဉ်ကျေးမှုများ၊ ဘာသာတရားများ ယခုထက်ပို၍ နီးစပ်၊ နီးကပ်မှုရှိရန် လိုအပ်နေပါသေးသည်။ အမျိုးဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက်မည့် မျိုးချစ်တပ်မတော်အဖြစ် ဆက်လက်တည်ရှိရပါဦးမည်။

အနာဂတ်နိုင်ငံတော်ကြီးအတွက် တိုင်းရင်းသား ပြည်သူများနှင့် သဟဇာတဖြစ်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတည်ငြိမ်မှုကို တည်ဆောက်နိုင်မည့်၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်အတူ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အနေအထားများအားလုံးသည် နိုင်ငံတော်လုံခြုံရေးနှင့် တိုက်ရိုက်ဆက်စပ်နေသည်ဖြစ်ရာ ယင်းအခြေအနေများအတွက် တာဝန်ခံမည့်အဖွဲ့အစည်းသည် အင်အား မရှိ၊ ဘေးရောက်၊ ယိုင်နဲ့နေ၍ မဖြစ်ပါ။ ရေခံမြေခံကောင်းများဖြင့် ခိုင်မာသော အုတ်မြစ်ကောင်းကို ချနိုင်ရန်အတွက် တပ်မတော်ကဲ့သို့ အင်အားတောင့်တင်းပြီး စည်းကမ်းစနစ်တကျ ဖွဲ့စည်းထားသော အင်စတီကျူးရှင်းတစ်ခုမှလွဲ၍ အခြားမရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## သာယာဝတီ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲကျင်းပ

သာယာဝတီ မတ် ၂၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ခရိုင်အဆင့် (၂၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲကို အ.ထ.က(၁) သာယာဝတီ ပညာ့အားမာန်ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၈ ဦး၊ ပိုစတာပြိုင်ပွဲတွင် တစ်ဦး၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် သုံးဦး၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၀၊ ပိုစတာပြိုင်ပွဲတွင် တစ်ဦး စုစုပေါင်း ကျောင်းသားနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၂ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ကိုးဦး၊ ပိုစတာပြိုင်ပွဲတွင် တစ်ဦး၊ စုစုပေါင်း ၈၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကျင်းပရာသို့ သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး တင်ကိုကို၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဥာဏ၊ ခရိုင်ပညာရေးမှူး ဦးဇော်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်စိုးလွင်တို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# မတ် ၁ ရက်မှ ၂၁ ရက်အထိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၇၅၂ သန်းရှိ



မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် အနေဖြင့် ၂၁-၃-၂၀၂၃ ရက်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၅၈ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၉၁ သန်း၊ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၄၉ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံး တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ နနွင်းတက် ၄၁၁ ဒသမ ၅၀၈ တန်၊ ကြက်သွန်နီ ၆၀၄ တန်၊ ပဲတီစိမ်း ၂၇၇ ဒသမ ၅၀၀ တန်၊ ငါးရှဉ့်တန် ၄၀ ဒသမ ၆၄၀၊ နှမ်းနက် ၁၀၂ တန်၊ ဖရဲသီးတန် ၁၀၀၈ ဒသမ ၇၀၀၊ မြေပဲဆန် ၇၅ တန်၊ သခွားမွေး ၄၃၆ ဒသမ ၅၀၀ တန်၊ ပဲယဉ်းတန် ၉၉ ဒသမ ၅၀၀၊ နေလဲစေ့ တန်၉၇ ဒသမ ၂၆၀ တို့ ဖြစ်သည်။

အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ရုပ်မြင်သံကြားစက်၊ သွပ်လိပ်၊ လိမ္မော်သီး၊ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ စတီးပြား၊ စတီးပိုက်၊ ပြည်တွင်းတပ်ဆင်ရေးလုပ်ငန်းတွင် အသုံးပြုသော SKD စနစ်ဖြင့် တင်သွင်းသည့် ဆိုင်ကယ်အင်ဂျင်၊ ကလစ်ဘီး၊ ဆံညှပ်အပိုပစ္စည်းများ၊ ဖိနပ်၊ ပန်းသီးတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် မတ် ၁ ရက်မှ ၂၁ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၃၇၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၃၇၆ သန်း၊ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၇၅၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၃၀၂ ဒသမ ၆၈၂ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှု လမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းသည် တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် လက်ရှိကာလတွင် ပဲတီစိမ်း၊ ထောပတ်ပဲ၊ မြေပဲဆန်၊ ပဲယဉ်း၊ စွန်တာနီပဲ၊ ရော်ဘာ၊ ရော်ဘာကြိမ်း၊ ငရုတ်သီး (အစို)၊ လက်ဖက် ခြောက်၊ ဝဥခြောက်၊ ပြောင်းနှင့် နံ့စားပြောင်းတို့ကို အဓိကထား တင်ပို့လျက်ရှိသည်။ ကုန်စည်သယ်ယူစရိတ်အနေဖြင့် မန္တလေးမှ ချင်းရွှေဟော်သို့ ယခုအပတ်တွင် ပို့ကုန်တစ်တန်လျှင် ကျပ် ၇၀၀၀၀ ရှိကြောင်း သိရသည်။

လယ်ယာထွက်ကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းများမှာ ပဲတီစိမ်း ဒေါ်လာ ၆၉၀-၇၂၀ ခန့်၊ ထောပတ်ပဲ ၇၁၈ ဒေါ်လာခန့်၊ မြေပဲဆန် ဒေါ်လာ ၁၅၅၀-၁၆၀၀၊ ပဲယဉ်း ၉၇၇-၁၀၀၃ ဒေါ်လာ၊ စွန်တာနီ ၅၅၃ဒေါ်လာ၊ ရော်ဘာ R.S.S-3 ၁၁၆၉ ဒေါ်လာ၊ ရော်ဘာကြိမ်း ဒေါ်လာ ၇၀၀၊ ငရုတ်သီး(အစို) ၃၁၈ ဒေါ်လာ၊ လက်ဖက်ခြောက် ၁၉၈ ဒေါ်လာ၊ ဝဥခြောက် ၁၆၅၈ ဒေါ်လာနှင့် ပြောင်း ဒေါ်လာ ၃၃၀ ဖြစ်ပြီး နံ့စားပြောင်းမှာ ၃၅၂ ဒေါ်လာဖြစ်ခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် မတ်၂၁ ရက် မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ ငွေကျပ် ၁၀၀လျှင် တရုတ်ယွမ် ၀ ဒသမ ၂၃၈ ယွမ်ဖြစ်ပြီး တစ်ယွမ်လျှင် ကျပ် ၄၂၀ ရှိကြောင်း သိရသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## မတ်လအတွင်း ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၄ ဒသမ ၃၁၈ သန်းရှိ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိက တင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိက တင်ပို့နေသော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်းတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် မတ် ၁ ရက်မှ ၂၁ ရက်အထိ ပို့ကုန်တန်ချိန် ၁၄၆၁၉ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃၁၈ သန်း၊ သွင်းကုန်တန်ချိန် ၁၁၀၉ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၆၈ သန်း၊ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃၈၆ သန်းတို့ဖြစ်သည်။ အများဆုံး တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်၊ ဆီအုန်း၊ ခနိအုန်း၊ ခနိဖက်တို့ဖြစ်ပြီး အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ပီလောပီနံမှုန့်၊ ကြွေပြား၊ ဆား၊ ကုန်စုံ၊ စတီး ဝိုင်ယာကြိုး၊ ဒီဇယ်၊ ဓာတ်ဆီ၊ ဆီလီကွန်၊ ဆာလဖာ၊ ကျောက်ချဉ်၊ မီးသွေးမှုန့်၊ ရေသန့်စင်စက်၊ ရေကူးကန်သုံးအပိုပစ္စည်း၊ နိုင်လွန်ကြိုး၊ ငါးဖမ်းပိုက်ကွန်၊ ၄က်သိုက်၊ သင်္ဘောအပိုပစ္စည်း၊ ငါးထည့်သည့်ခြင်း၊ ရေခဲပုံး၊ ဖိနပ်ကုန်ကြမ်းတို့ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် မတ်လ ၂၂ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ်တစ်သိန်းလျှင် ဘတ် ၁၁၉၀၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၄ ကျပ်ခန့်ဖြစ်သည်။ စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၁၀၈၀၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၁၁၇၀၀ ခန့်ဖြင့် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။



## ၂၂-၃-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညိုမထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၁၂၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၃၅၀၀ | ၂၃၀၀ | ၁၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၉၅၀၀၀၀ |
| ၂ | လားရှိုး | ၂၂၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၂၀၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၉၃၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၀၀၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၅၀၀၀ | | ၁၈၀၀ | ၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၂၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၀၀၀၀ | ၂၈၅၀၀၀၀ |
| ၄ | တောင်ကြီး | ၂၅၀၀ | ၂၃၅၀ | ၁၀၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၆၀၀ | ၉၀၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၀၀၀ | ၃၃၀၀ | ၁၂၅၀၀ | ၁၈၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၂၈၉၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၄၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၆၀၀ | ၇၅၀၀ | ၅၅၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၈၆၀၀၀၀ |
| ၆ | ဘားအံ | ၂၂၀၀ | | ၁၀၅၀၀ | ၇၂၀၀ | ၁၃၅၀၀ | ၁၈၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၈၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၉၃၇၀၀၀ |
| ၇ | မော်လမြိုင် | ၂၃၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၅၅၀၀ | ၂၂၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၉၁၀၀၀၀ |
| ၈ | ထားဝယ် | ၂၉၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၀၀၀ | ၁၈၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၈၀၀ | ၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | | ၂၉၄၀၀၀၀ |
| ၉ | မြိတ် | ၂၅၀၀ | | ၁၅၀၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၁၉၀၀ | ၆၆၀၀ | ၅၂၀၀ | ၃၆၀၀ | ၂၉၀၀ | ၈၀၀ | ၇၁၀၀ | ၅၇၀၀ | ၄၈၀၀ | ၂၉၀၀ | ၃၁၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | | ၂၉၃၀၀၀၀ |
| ၁၀ | ရန်ကုန် | ၂၃၀၀ | ၂၁၀၀ | ၁၄၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၂၀၀ | | ၁၄၀၀၀ | ၆၉၀၀ | ၁၁၅၀၀ | ၁၄၀၀ | ၅၀၀၀ | ၄၁၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၅၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၆၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၄၈၀၀ | ၂၇၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၉၅၀၀၀၀ |
| ၁၃ | ဟားခါး | ၃၅၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၂၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၉၀၀၀၀၀ |
| ၁၄ | မုံရွာ | ၃၀၀၀ | | ၁၂၀၀၀ | ၇၁၀၀ | ၁၉၀၀၀ | ၁၅၀၀ | ၆၀၀၀ | ၅၃၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၆၄၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၇၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၃၀၀ | ၁၇၅၀ | ၁၂၅၀၀ | ၇၂၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၈၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၇၉၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၇၀၀ | | ၁၁၅၀၀ | ၇၁၀၀ | ၁၆၀၀၀ | ၁၂၀၀ | ၆၅၀၀ | ၅၅၀၀ | ၆၀၀၀ | ၂၂၀၀ | ၆၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၉၆၀၀၀၀ |
| ၁၇ | မကွေး | ၂၅၅၀ | | ၁၀၅၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၉၃၀၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၇၂၀၀ | ၂၅၀၀၀ | ၁၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၁၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၆၀၀၀၀ |
| ၁၉ | ပဲခူး | ၂၄၀၀ | | ၁၃၅၀၀ | ၇၄၀၀ | ၁၅၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၄၂၀၀ | | ၂၂၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၉၁၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၄၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၁၂၀၀ | ၄၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၅၀၀ | ၇၂၀၀ | ၄၆၀၀ | ၃၈၀၀ | ၂၄၀၀ | ၃၁၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၉၆၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၄၀၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၁၃၀၀ | ၅၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၂၂၀၀ | ၅၀၀ | ၇၅၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၁၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၉၆၀၀၀၀ |
| ၂၂ | ကလေး | ၂၃၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၇၆၀၀ | | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၉၇၀၀၀၀ |

မှတ်ချက်။ (၁) ငစိန်ဆန်တစ်ပြည်လျှင်မန္တလေးတွင် ၁၅၀ ကျပ်၊ စားအုန်းဆီတစ်ပိဿာလျှင် မန္တလေးတွင် ၂၀၀ ကျပ်၊ ပြည်နှင့်ပဲခူးတွင် ၁၀၀ ကျပ် ၊ ငရုတ်ခြောက်တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀၀ ကျပ်၊ ချင်းတစ်ပိဿာလျှင် ဟားခါးတွင် ၂၀၀ ကျပ်၊ ကြက်သားတစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီတစ်ပိဿာလျှင် မုံရွာတွင် ၁၅၀ ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ ကျပ် ၊ အာလူးတစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ ကျပ် ဈေးကျခဲ့ပါသည်။

# ကျောက်ပန်းတောင်းနှင့် မိတ္ထီလာမြို့နယ်များရှိ ပြည်သူ့ဆေးရုံများနှင့် ကျန်းမာရေးဌာနများသို့ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၃ ရက် နံနက်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် ကျန်းမာရေးဌာနများသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ပန်းတောင်း မြို့နယ်ရှိ ၁၆ ခုတင်ဆံ့ လက်ပံပြားတိုက်နယ်ဆေးရုံသို့ ရောက်ရှိကာအတွင်းလူနာများ ကုသမှုအခြေအနေ၊ ပြင်ပလူနာများ ကုသနေမှုအခြေအနေတို့ကို ကြည့်ရှုပြီး ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအား ဆေးဝါးဝယ်ယူရေးအတွက် နိုင်ငံတော်မှရန်ပုံငွေများ ခွဲဝေချထားပေးသဖြင့် လူနာများစိုက်ထုတ်ကုန်ကျငွေ လျော့နည်းစေရေး၊ လိုအပ်သော ဆေးဝါးများကို ထောက်ပံ့ပေးနိုင်ရေး အလေးထားဆောင်ရွက်ပေးရန်၊ ဆေးဝါးများသက်တမ်းလွန်ခြင်းနှင့် လေလွင့်မှုမရှိစေရေး စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ရန်၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ မကူးစက်တတ်သောရောဂါများ ကုသရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ်ရှိ မကျီးတိုင်းကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ပြီး ကျန်းမာရေးဝန်ထမ်းများအား ၇၀ ရာခိုင်နှုန်းသော ပြည်သူလူထုသည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိသည့်အတွက်ကြောင့် ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်၊ ကိုယ်ဝန်ဆောင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကို ပြည်သူလူထုအခြေပြု အရှိန်အဟုန်မပျက် ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံ ကျောက်ပန်းတောင်းမြို့သို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ မျှော်မှန်းသက်တမ်း ပိုမိုမြင့်မားလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြည်သူများ စိုက်ထုတ်ကုန်ကျငွေ လျော့နည်းကျဆင်းစေရေး ဆေးဝါး၊ စက်ပစ္စည်းများဝယ်ယူကာ ပြည်သူ့ဆေးရုံများသို့ ထောက်ပံ့ဖြန့်ဖြူးပေးလျက်ရှိသဖြင့် ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် စနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်ကြစေလိုကြောင်း၊ မွေးစမှ အသက်ကြီးရင့်သည်အထိ ကျန်းမာရေးစောင့်ရှောက်မှု (Life Cycle Approach) ဖြင့် မိခင်နှင့် ကလေးကျန်းမာရေး၊ ကျောင်းကျန်းမာရေး၊ ကူးစက်ရောဂါနှင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေး၊ သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြင့် ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုကို မြှင့်တင်သွားကြရန် ဖြစ်ကြောင်း မှာကြားခဲ့သည်။ ယင်းနောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အတွင်းလူနာဆောင်များ၊ ရောဂါရှာဖွေရေး ခွဲစိတ်ခန်း၊ ပြင်ပလူနာဌာနတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာများ တက်ရောက်ကုသမှုခံယူနေမှု အခြေအနေ၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ မွေးကင်းစလူနာဆောင်၊ သားဖွားဆောင်၊ ခွဲစိတ်ခန်း၊ ခတ်မှန်ဌာန၊ ခတ်ခွဲခန်း၊ အတွင်းလူနာနှင့် ပြင်ပလူနာ ဆေးထုတ်ခန်းများ သိုလှောင်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးပညာ၊ ခွဲစိတ်ကုသမှု၊ ကလေးကျန်းမာရေး၊ သားဖွား မီးယပ်၊ အရိုးရောဂါပညာ၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး၊ အရေပြား၊ ခတ်ခွဲ၊ ခတ်မှန်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများဖြင့် ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နေ့စဉ်အတွင်းလူနာ ၁၆၀ မှ ၂၀၀ အတွင်း၊ ပြင်ပလူနာ ၈၀ မှ ၂၀၀ ကျော်အတွင်း ကြည့်ရှုကုသမှု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့တွင် နေ့စဉ် အတွင်းလူနာ ၂၆ ဦးမှ ၃၅ ဦးအတွင်း၊ ပြင်ပလူနာ ၁၉ ဦးမှ ၂၅ ဦးအတွင်း ကြည့်ရှုကုသပေးလျက်ရှိပါကြောင်း သိရသည်။

**သတင်းစဉ်**

## ပျဉ်းမနားမြို့နယ်၌ စံပြကွက်မျိုးနှင့် မြေဩဇာ ထောက်ပံ့ပေးအပ်

**ပျဉ်းမနား မတ် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ နွေစပါး ဧက ၁၀၀၊ တင်း ၁၂၀ နှင့်အထက် ထွက်ရှိရေး စံပြကွက်မျိုးနှင့် မြေဩဇာထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဇီးဖြူပင်ကျေးရွာ ပေါစံခေါ KC ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော် တိုင်းဦးစီးမှူး ဦးဝင်းထိန်က တောင်သူများ စိုက်ပျိုးနေသော လယ်မြေများတွင် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်စေရန်၊ မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်စေရန်၊ ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်စေလိုကြောင်းနှင့် ဓာတ်မြေဩဇာ/သဘာဝ မြေဩဇာများအား စနစ်တကျ ထည့်သွင်းအသုံးပြုစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော်တိုင်းဦးစီးမှူး ဦးဝင်းထိန်၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးတင်ထူး၊ စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးနိုင်ဦးနှင့် တာဝန်ရှိသူများက မျိုးစေ့များ၊ ကွန်ပေါင်းမြေဩဇာများ၊ ပုလဲမြေဩဇာများနှင့် စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

## တောင်ကြီးမြို့နယ်ရှိ မွေးမြူရေးခြံ၌ ရောဂါပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်

**တောင်ကြီး မတ် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မတ်လ ၂၀ ရက်မှ ၂၆ ရက်ထိ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့နယ် အသုံးတော် ကျေးရွာအုပ်စု ရှမ်းရိုးမမွေးမြူရေးဇုန် (၂) ရှိ စီးပွားဖြစ် ဥစားကြက်မွေးမြူရေးခြံ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာ အောင်မင်းထွန်းက တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများကို အသိပညာပေး ဆွေးနွေးပြီး မွေးမြူရေးခြံများအတွက် ပိုးသတ်ဆေးများဖြန့်ဝေ၍ ပိုးသတ်ဆေးဖြန်းခြင်း ဆောင်ရွက်နေမှုများကို စနစ်တကျဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘားအံမြို့၌ စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်းဖြင့် ကျေးရွာသစ်လှုပ်ရှားမှုစီမံချက်ကျေးရွာများ၏ ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ဘားအံ မတ် ၂၃**

ကရင်ပြည်နယ် ဘားအံမြို့၌ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် KOICA တို့ ပူးပေါင်းဆောင်ရွက်သည့် စွမ်းအားမြှင့် မီးဖိုများ ဖြန့်ဖြူးခြင်း စီမံကိန်းအစီအစဉ်ဖြင့် ကျေးရွာသစ်လှုပ်ရှားမှု စီမံချက်ကျေးရွာများ၏ ရန်ပုံငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ရန်ပုံငွေများ ပေးအပ်ခြင်းဖြစ်ကြောင်း၊ မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို ပိုမိုဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်ဝမ်းက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာသစ်လှုပ်ရှားမှုစီမံချက်ဖြင့် ဆောင်ရွက်မည့် ပျဉ်းကတိုးကုန်းကျေးရွာမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားလုပ်ငန်းများဆောင်ရွက်မည့် တောင်သူ ၅၂ ဦးအတွက် အတိုးတစ်ကျပ်နှုန်းဖြင့် စိုက်ပျိုးရေးစရိတ်ချေးငွေကျပ် ၁၁၁၀၀၀၀၀၊ မွေးမြူရေးစရိတ် ချေးငွေကျပ် ၂၇၀၀၀၀၀၊ အသေးစားချေးငွေကျပ် ၁၀၅၀၀၀၀၊ စက်ကိရိယာ ချေးငွေကျပ် ၁၅၉၄၅၇၀ စုစုပေါင်း ချေးငွေကျပ် ၁၆၄၄၅၇၀ အား ပြည်နယ် စီပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် တာဝန်ရှိသူများက တောင်သူများထံသို့ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ စီမံကိန်းကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**ဇော်ဘီ**

**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။**

**ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

# တာလီဘန်တို့၏ ပညာရေးပိတ်ပင်မှုကြောင့် အာဖဂန်မိန်းကလေး တစ်သန်းကျော် ထိခိုက်ခံစားရ

**ကဘူးလ် မတ် ၂၃**

အာဖဂန်နစ္စတန်၌ ယခုသီတင်းပတ်အတွင်း ကျောင်းပညာသင်နှစ်အသစ် စတင်ပြီဖြစ်သည်။ သို့သော်လည်း နိုင်ငံအတွင်း နေရာအများစုမှ မိန်းကလေးများမှာ မူလတန်းကျောင်းကိုသာ တက်ရောက်ခွင့်ရရှိသည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လအတွင်း တာလီဘန်များသည် အာဖဂန်နစ္စတန်နိုင်ငံကို တစ်ဖန်ပြန်၍ ထိန်းချုပ်နိုင်ခဲ့သည်။ တာလီဘန်များသည် မိန်းကလေးများအား အလယ်တန်းနှင့် အထက်တန်းတွင် တက်ရောက်ပညာသင်ယူခွင့်ကို ပိတ်ပင်ခဲ့သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း တက္ကသိုလ်တက်ရောက်နေသည့် အမျိုးသမီးများ၏ စာသင်ချိန်များကို ဖျက်သိမ်းခဲ့သည်။ ကျောင်းများမှာ ဆက်လက်ပိတ်ထားဆဲဖြစ်သည်ဟု ကဘူးလ်မြို့ရှိ အသက် ၁၃ နှစ်အရွယ် မိန်းကလေးတစ်ဦးက ပြောသည်။ ကျောင်းတက်ရန် မျှော်လင့်ချက်မရှိကြောင်းနှင့် အနာဂတ်တွင် ဘာဆက်ဖြစ်မည်ကို မသိကြောင်း အဆိုပါ မိန်းကလေးက ပြောသည်။

ယောကျ်ားလေးများနည်းတူ မိန်းကလေးများကိုလည်း ပညာသင်ကြားခွင့် ပေးသင့်ကြောင်း ၎င်းက ပြောသည်။ အာဖဂန်နစ္စတန်တွင် မိန်းကလေး တစ်သန်းကျော်မှာ ကျောင်းတက်ခွင့်မရဟု အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လုပ်ငန်းတာဝန်အဖွဲ့က ဆိုရှယ်မီဒီယာပေါ်တွင် ပြောကြားခဲ့သည်။



အလယ်တန်းကျောင်းများမပိတ်မီ ပညာသင်ကြားနေသည့် မိန်းကလေးများကို တွေ့ရစဉ်။

တာလီဘန်များအနေဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ခွဲခြားဆက်ဆံသည့် မူဝါဒများကို ပြောင်းလဲရန်လည်း အဆိုပါအဖွဲ့က တောင်းဆိုခဲ့သည်။ တာလီဘန်မှ အချို့သောအဖွဲ့ဝင်များမှာ မိန်းကလေးများအတွက် ပညာရေးကို ပြန်လည်စတင်စေလိုသော်လည်း ၎င်းတို့ အဖွဲ့အတွင်းမှ ရှေးရိုးစွဲသည့် အဆင့်မြင့်အရာရှိကြီးများကမူ အဆိုပါ အယူအဆကို လက်မခံကြပေ။

**အင်န်အိတ်ချ်ကေ**

# တူကီယဲနှင့် ဆီးရီးယားနိုင်ငံတစ်ဝန်း ထောက်ပံ့မှုများလုပ်ဆောင်သည့် ထရပ်ကား ၉၃၇ စီးရှိကြောင်း ကုလသမဂ္ဂပြော

**ကုလသမဂ္ဂ မတ် ၂၃**

ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် တူကီယဲနှင့် ဆီးရီးယားနိုင်ငံတို့မှ ငလျင်ဒဏ်သင့်ဒေသများသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့က မတ် ၂၂ ရက်တွင် ပြောကြားသည်။

ငလျင်လှုပ်သည့် ဖေဖော်ဝါရီ ၆ ရက်မှစတင်ကာ တူကီယဲမှ ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတစ်ဝန်း ကုလသမဂ္ဂ အေဂျင်စီ ခုနစ်ခုမှ ထရပ်ကား ၉၃၇ စီးဖြင့် အထောက်အပံ့များ လုပ်ဆောင်ခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (အိုစီအိတ်ချ်အေ) က ပြောကြားသည်။



လူသားချင်း စာနာထောက်ထားမှုအဖွဲ့က ရွက်ဖျင်တဲ ၄၆၀၀၀ ကျော်နှင့် စောင်၊ အိပ်ရာခင်း၊ မွေ့ယာ၊ ချက်ပြုတ်ပစ္စည်းများနှင့် တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းများကို တူကီယဲနိုင်ငံသို့ ထောက်ပံ့ပေးခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောကြားသည်။ **ဆင်ဟွာ**

# လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုမြင့်မားလာသဖြင့် သတိပေးချက်ထုတ်ပြန်

**ဗီယင်ကျန်း မတ် ၂၃**

လာအိုကျန်းမာရေး ဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ အရေအတွက် ဆက်လက်တိုးလာခြင်းကြောင့် နိုင်ငံတစ်ဝန်း ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် ကူညီပေးရန်နှင့် နိုးနိုးကြားကြားရှိရန် တိုက်တွန်းထားသည်။

နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူသစ် ၁၀ ဦး တွေ့ရှိသဖြင့် စုစုပေါင်း ရောဂါကူးစက်ခံရသူ ၆၇၀ ရှိပြီဖြစ်ကြောင်း လာအိုကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်နှင့် ပညာရေးစင်တာက မတ် ၂၃ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

လာအိုနိုင်ငံ မြို့တော်ဗီယင်ကျန်း၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု ၁၁၆ ဦးဖြင့် ရောဂါကူးစက်မှု အရေအတွက်မှာ အများဆုံးဖြစ်ပြီး အူဒိုမစ်ပြည်နယ်တွင် ၉၇ ဦးနှင့် ခမ်းမွမ်ခရိုင်တွင် ၆၄ ဦး ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသဖြင့် ဆေးရုံတက်ရောက်ကုသနေသည်ကို တွေ့ရစဉ်။

# အက်စာမာမီးတောင် ပေါက်ကွဲနိုင်မှုအတွက် သတိပေးချက် အဆင့်နှစ် ထုတ်ပြန်ထား

**တိုကျို မတ် ၂၃**

အက်စာမာမီးတောင်ပေါက်ကွဲနိုင်မှုအတွက် သတိပေးချက်ကို ဂျပန်မိုးလေဝသအေဂျင်စီက အဆင့်တစ်မှ အဆင့်နှစ်အထိ တိုးမြှင့်ထုတ်ပြန်ထားပြီး ဒေသခံများအနေဖြင့် မီးတောင်အဝသို့ ချဉ်းကပ်ခြင်းကို ရှောင်ရှားကြရန်အတွက်လည်း သတိပေးထားသည်။

အဆိုပါမီးတောင်သည် တိုကျိုမြို့အနောက်မြောက်ဘက် ဂန်မာခရိုင်နှင့် နာဂိုနိုခရိုင်ကြားတွင်ရှိသည်။ မီးတောင်ပေါက်ကွဲနိုင်မှု သတိပေးချက်အဆင့် ငါးဆင့်ရှိသည့်အနက် မတ်လ ၂၃ ရက်တွင် မီးတောင်လှုပ်ရှားမှုအနည်းငယ်ကို တွေ့ရှိလာရသည့်အတွက် သတိပေးမှုအဆင့်ကို တိုးမြှင့်လိုက်ခြင်းဖြစ်သည်။ မတ်လ ၂၁ ရက်မှစတင်ကာ မီးတောင်လှုပ်ရှားမှုမှာ ပို၍တိုးလာသည်ဟုလည်း ဂျပန်မိုးလေဝသအေဂျင်စီမှ အရာရှိများက ပြောသည်။

မီးတောင်ပေါက်ကွဲပါက မီးတောင်ပြာများနှင့် ကျောက်တုံး၊ ကျောက်ခဲများ လွင့်စဉ်လာသည့်အတွက် မီးတောင်ဝမှ ၂ ကီလိုမီတာအတွင်း သတိပြုကြရန်လည်း ပြည်သူများကို သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် မိုင်းပေါက်ကွဲမှုဖြစ်ပွားရာ ကလေးနှစ်ဦး သေဆုံး၊ ငါးဦးဒဏ်ရာရရှိ

**ကဘူးလ် မတ် ၂၃**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘဒက်ရှန်းပြည်နယ်၌ ယခင်စစ်ပွဲအတွင်းက ကျန်ရှိသည့် မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် ကလေးနှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ပြည်နယ်သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုဌာနမှ အကြီးအကဲဖြစ်သူ ကွာရီ မဇူဒင် အာ့မာဒီက မတ် ၂၃ ရက်တွင် ပြောကြားသည်။

ကလေးအဖွဲ့က ကက်စ်ဟန်ခရိုင် ရှာဟီဒါကန်ကျေးရွာ၌ မတ် ၂၂ ရက် ညနေပိုင်းက အရုပ်တစ်ခုကဲ့သို့သော ကိရိယာတစ်ခုတွေ့ကြောင်း၊ ယင်းပစ္စည်းဖြင့်ကစားခဲ့ရာ ရုတ်တရက်ပေါက်ကွဲခြင်းကြောင့် အခင်းဖြစ်ပွားရာနေရာ၌ပင် ကလေးနှစ်ဦးသေဆုံးပြီး အခြားငါးဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံ ဂွါပြည်နယ်တွင် တနင်္ဂနွေက အလားတူ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ မိခင်တစ်ဦးနှင့် ၎င်း၏ ကလေးငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် လွန်ခဲ့သည့် ဆယ်စုနှစ်လေးခုကြာ စစ်ပွဲများနှင့် ပြည်တွင်းစစ်ပွဲများကြောင့် မပေါက်ကွဲသေးသည့် စစ်လက်နက်ပစ္စည်းများ ပေါက်ကွဲမှုကြောင့် လစဉ်ကလေးဒါဇင်နှင့်ချီ သေဆုံးမှုနှင့် ကိုယ်လက်အင်္ဂါ ချို့ယွင်းမှုများကြောင့် ကမ္ဘာပေါ်တွင် မိုင်းအန္တရာယ်ရှိဆုံး နိုင်ငံများထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်းရှိ

(၂၃-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၅၅၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၁၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၄၅,၃၂၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၂၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၈၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသန တွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၅ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၉၀ | ၂၁၉၀ | ၂၄၂၀ | ၂၈၁၀ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၀၀ | ၂၁၅၀ | ၂၁၅၀ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၅ | ၂၁၈၅ | ၂၁၉၀ | ၂၁၉၀ | ၂၄၂၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၃၀ | ၂၂၃၀ | ၂၁၉၀ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၁၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၀ | ၂၂၃၅ | ၂၂၆၅ | ၂၂၇၀ | ၂၂၇၀ | ၂၅၀၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၃၀ | ၂၂၃၀ | ၂၁၉၀ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၁၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၀ | ၂၂၃၅ | ၂၂၆၅ | ၂၂၇၀ | ၂၂၇၀ | ၂၅၀၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၄ | ၂၀၆၇ |
| 95 Ron | ၂၀၈၄ | ၂၁၅၉ |
| HSD (500 ppm) | ၁၉၉၈ | ၂၀၆၇ |
| HSD (50 ppm) | ၂၀၇၂ | ၂၁၄၃ |
| HSD (10 ppm) | ၂၀၇၂ | ၂၁၄၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဗထူးရပ်ကွက်နေ သန်းဇော်ဦးသည် ၎င်းအသုံးပြုသည့် "U Zaw Zaw" Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အောင်မင်္ဂလာ (၁) ရပ်ကွက်နေ ဇော်မျိုးဦး (ခ) ပွကြီးသည် ၎င်းအသုံးပြုသည့် "Zaw Myo Oo" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၃**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် Electric Led Bulb UFO Light ၁၀၀၁ ကီလိုဂရမ်နှင့် Gaming Chair ၄၄၇ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၀၆၆၉၆) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ Valid for Prior Arrival (VPA) ၆၁ ရက်ကျော်လွန်နေသည့် Ehrmann Yogurt Drink ၁၀၇၃ ဒသမ ၆ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၉၀၀၀၀) ကိုလည်းကောင်း၊ ထီးတန်းဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်း မရှိသည့် Paints Multicolor Colorant ၆၂၃ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၂၀၉၅) ကို လည်းကောင်း၊ သီလဝါဘက်စုံသုံးအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်း မရှိသော ဆောက်လုပ်ရေးသုံးပစ္စည်း ဖြစ်သည့် Cold Rolled Sheet In Coil ၃၆၀၈၇၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၂၆၇၀၄၆၀) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ် (သွင်းကုန်) ၌ သွင်းကုန်လိုင်စင်လိုအပ်သော Gear Box RWDS5 တစ်စုံ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၄၀၀၀၀) ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၂၇၀၉၃၅၁ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။




ထို့အတူ မတ် ၂၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီခရိုင် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့က မြဝတီမြို့ အာရှလမ်း One Star တာယာဆိုင်အနီး၌ မော်တော်ယာဉ်တစ်စီးအား ရှောင်တခင်သွားရောက်စိစစ်၍ မြဝတီမြို့နယ် အကောက်ခွန်ဦးစီး ဌာနမှူးရုံးတွင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၎င်းမော်တော်ယာဉ်ပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် M-150 အချိုရည် ၄၀ ဖာ၊ Lactasoy Soymilk ဖာ ၉၀၊ ပုစွန်တစ်ကောင် စားသုံးဆီ ၃၆၀ လီတာ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သည့် Nissan Caravan အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀) ကိုလည်းကောင်း၊ သံလွင်တံတား (ဘားအံ) စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က ဘားအံမြို့မှ ပဲခူးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Singha Beer ဖာ ၁၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်သည့် Toyota Hilux အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၅၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Electric Pan အလုံး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်သည့် Nissan Caravan အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၁၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်တံခါးမြို့နယ် ရဲနွယ်ကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းခွဲသားနှင့် ပျဉ်းကတိုးခွဲသား ၁ ဒသမ ၅၆၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၆၀၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၃) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၄၁၂၃၉၅၉) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ကော့ကရိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ကော့ကရိတ် မတ် ၂၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ၂၀၂၃ ခုနှစ် ကော့ကရိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖလားအမျိုးသား (အလွတ်တန်း) ဖူဆယ်ပြိုင်ပွဲကို မတ် ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပလျက်ရှိရာ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကော့ကရိတ်ခရိုင် အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ် (၃) ရပ်ကွက်နှင့် အမှတ် (၅) ရပ်ကွက် အမျိုးသား (အလွတ်တန်း) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြရာ အမှတ် (၃) ရပ်ကွက် အသင်းမှ ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပသည်။

ထို့နောက် ပထမဆု ရရှိခဲ့သည့် အမှတ် (၃) ရပ်ကွက်အသင်းအား တံခွန်စိုက်ဆုဖလားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းဝေနှင့် ဒုတိယဆုရရှိခဲ့သော အမှတ် (၅) ရပ်ကွက် အသင်းအား ဆုဖလားကို ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထူးစံတို့က ဆုများ ချီးမြှင့်ပေးသည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အားကစားသမားများနှင့် အားကစားကို ချစ်မြတ်နိုးသောပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ခင်မျိုးဝင်း(ပြန်/ဆက်)**

## ခရမ်းမြို့နယ်၌ ငါးမွေးမြူရေးနည်းပညာပေး သင်တန်းဖွင့်လှစ်

**ရန်ကုန် မတ် ၂၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားခဲ့သည့်အစည်းအဝေး၌ အသား/ငါးကဏ္ဍတွင် ငါးမွေးမြူရေးမှ ဝင်ငွေများ ရရှိနိုင်ရန်၊ နည်းပညာအကူအညီပေးနိုင်ရေးဆောင်ရွက်ရန်ဟု လမ်းညွှန်ချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်အပေါ် ငါးမွေးမြူရေး နည်းပညာပေးသင်တန်းကို မတ် ၂၃ ရက် နံနက် ၁၀ နာရီက ခရမ်းမြို့နယ် အုတ်ဖိုကျေးရွာ၌ ဖွင့်လှစ်သည်။

အဆိုပါ အခမ်းအနားတွင် သန်လျင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်က အမှာစကားပြောကြားပြီး လေးထောင့်ကန် ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်သင်းသင်းခိုင်က ငါးမွေးမြူရေးနှင့် သက်ဆိုင်သော ဘာသာရပ်များကို ပို့ချပေးပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးတင့်နှင့် သင်တန်းသား သင်တန်းသူ ၃၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တွေမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်း

**စစ်တွေ မတ် ၂၃** - စစ်တွေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွာသစ်ကေကျေးရွာ၌ အကောင်အထည်ဖော်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ရွာသစ်ကေကျေးရွာအတွင်း အရှည် ပေ ၂၇၀၊ အကျယ် ၁၂ ပေ ကွန်ကရစ်လမ်းခင်းနေခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုကို စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးညီညီ (လက်ထောက်ညွှန်ကြားရေးမှူး) နှင့် ဝန်ထမ်းများက မတ် ၂၀ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။ အဆိုပါလမ်းလုပ်ငန်းကို မြစိမ်းရောင်စီမံကိန်းမှ အတိုးရငွေ ကျပ် ၁၀ ဒသမ ၇၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ်နှစ်သိန်းခွဲဖြင့် ကျေးရွာနေပြည်သူများ ကိုယ်တိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းအားလုံးရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**

## ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန် ထိုင်းနှင့် ဂျပန်စာချုပ်

**ဘန်ကောက် မတ် ၂၃**

စီးပွားရေးနယ်ပယ်တွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့ မြှင့်တင်ရန်အတွက် ဂျပန်လုပ်ငန်းများအသင်း (Keidanren) နှင့် ထိုင်းနိုင်ငံ Joint Standing Committee on Commerce, Industry and Banking(JSCCIB)တို့ မတ် ၁၆ ရက်က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဂျပန်လုပ်ငန်းရှင်များက တရုတ်နိုင်ငံအတွင်းရှိ ၎င်းတို့၏ ထုတ်လုပ်မှုအခြေစိုက်များကို ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့လာမည်ဖြစ်ပြီး အထူးသဖြင့် ဇီဝလည်ပတ်ခြင်းနှင့် အစိမ်းရောင်စီးပွားရေး (bio-circular and green- BCG) နှင့် ကာဗွန်လျှော့ချရေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်မည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

ထိုင်းနိုင်ငံ စက်မှုနှင့် JSCCIB အသင်း၏ ဥက္ကဋ္ဌက နှစ်ဖက်အဖွဲ့အစည်းအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းကောင်းများကို ပူးတွဲကော်မတီအစည်းအဝေးများမှတစ်ဆင့် ရှာဖွေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ပုံမှန်ဖလှယ်ကြမည်ဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံမှ အကြီးတန်းအရာရှိများ ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြပြီး ၂၀၂၂ ခုနှစ် မေလတွင် ကျင်းပခဲ့သော Asia-Pacific Economic Cooperation အစည်းအဝေးသို့လည်း ဝန်ကြီးချုပ် Fumio Kishida ပါဝင်တက်ရောက်ခဲ့ပြီး ဂျပန်ဝန်ကြီးချုပ်၏ ကိုးနှစ်အတွင်း ပထမဆုံး လာရောက်ခဲ့သော ခရီးစဉ်ဖြစ်သည်။ နှစ်ဖက်ခေါင်းဆောင်များ၏ ဆွေးနွေးချက်များအရ ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား မဟာဗျူဟာကျသော မိတ်ဖက်မှုဖြစ်ပြီး နယ်ပယ်များစွာတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် သဘောတူညီခဲ့သည်။

ထိုင်းနိုင်ငံစက်မှုလက်မှုအသင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Saroj Chayavivathul က နှစ်ဖက်အဖွဲ့များက လုပ်ငန်းနယ်ပယ်နှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိုရှေးရှု၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသော အကျိုးကျေးဇူးများကို ဆွေးနွေးခဲ့ကြကြောင်း ပြောကြားသည်။

ထိုင်းဘဏ်များအသင်း၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ Kobsak Duangdee က BCG စီးပွားရေး၊ စွမ်းအင်စီမံခန့်ခွဲမှု၊ လျှပ်စစ်မော်တော်ကားရင်းနှီးမြှုပ်နှံမှု၊ ပို့ဆောင်ဆက်သွယ်ရေး စီမံခန့်ခွဲမှုနှင့် ထုတ်လုပ်မှုချဲ့ထွင်ခြင်းအပါအဝင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားလုံး အကျုံးဝင်ကြောင်း ပြောကြားသည်။

ထိုင်းနှင့် ဂျပန်နိုင်ငံတို့အကြား ဒစ်ဂျစ်တယ်နည်းဖြင့် နိုင်ငံတကာကုန်သွယ်ရေးကို မည်သို့မြှင့်တင်နိုင်မည်ကိုလည်း နှစ်ဖက်လုံးက ဆွေးနွေးခဲ့ကြသည်။




## တရုတ်နိုင်ငံ အလက်စ်ရှန်ကူနယ်စပ်ဂိတ်၌ လယ်ယာထွက်ကုန်များအတွက် အစိမ်းရောင်လမ်းကြောင်းဖွင့်လှစ်

**ပေကျင်း မတ် ၂၃**



အလက်စ်ရှန်ကူနယ်စပ်ဂိတ်၌ ခုတ်မောင်းနေသော ကုန်တင်ရထားတစ်စင်း။

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကာဇက်စတန်နိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိသော ရှင်းကျန်ဝေဂါ (Xinjiang Uygur) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အရေးကြီးသော ဝင်ပေါက်တစ်ခုဖြစ်သည့် အလက်စ်ရှန်ကူ (Alashank-ou)နယ်စပ်ဂိတ်၌ လယ်ယာထွက်ကုန်များနှင့် အခြားကုန်ပစ္စည်းများကို လျင်မြန်စွာ အကောက်ခွန် ရှင်းလင်းနိုင်ရေးအတွက် အစိမ်းရောင်လမ်းကြောင်း (Green Channel) ကို တရားဝင်ဖွင့်လှစ်ထားကြောင်း ဒေသဆိုင်ရာအစိုးရထံမှ သိရသည်။

အထူးလမ်းကြောင်းဖြစ်သည့် အစိမ်းရောင်လမ်းကြောင်းကို စမ်းသပ်လည်ပတ်မှု၏ ပထမပတ်အတွင်း အလက်စ်ရှန်ကူနယ်စပ်ဂိတ်ကို ဖြတ်သွားသည့် ကားအစီးရေ ၁၈၃၄ စီးရှိကာ ပြီးခဲ့သည့် သီတင်းအပတ်ကထက် ၃၆ ဒသမ ၁၅ ရာခိုင်နှုန်း တိုးလာကြောင်း၊ ပို့ကုန်/သွင်းကုန်ပမာဏမှာ တန်ချိန် ၁၇၅၀၀ ဖြင့် ပြီးခဲ့သည့် သီတင်းအပတ်က ထက် ၃၅ ဒသမ ၆၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အကောက်ခွန်ရှင်းလင်းခြင်းအတွက် သယ်ယူထောက်ပံ့ပို့ဆောင်စရိတ်များ လျှော့ကျသွားသောကြောင့် နှစ်နိုင်ငံအကြား လယ်ယာထွက်ကုန်နှင့် အခြားကုန်ပစ္စည်းများ ကုန်သွယ်မှုတိုးမြှင့်လာကာ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လာနိုင်ကြောင်း Global Times သတင်းဌာနက ဖော်ပြထားသည်။ ပိုးလမ်းမစီးပွားရေးရပ်ဝန်း (Silk Road Economic Belt)ကို ပိုမိုတိုးတက်အောင်ဆောင်ရွက်လာသည်နှင့်အမျှ အလက်စ်ရှန်ကူနယ်စပ်ဂိတ်တွင် လျင်မြန်သော အကောက်ခွန် ရှင်းလင်းရေးလမ်းကြောင်း ကျင့်သုံးခြင်းဖြင့် တရုတ်နိုင်ငံနှင့် အာရှတိုက်အလယ်ပိုင်း နိုင်ငံများအကြား ရောင်းလိုအားနှင့် ဝယ်လိုအား အလားအလာများကို တွန်းအားပေးရန်နှင့် လယ်ယာ ထွက်ကုန်နှင့် အခြားကုန်ပစ္စည်းများ ပိုမိုတိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက်လည်း စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာအစိုးရက ပြောကြားသည်။

## ဆော်ဒီအာရေဗျရှိ ရေနံကုမ္ပဏီ စံချိန်တင်အမြတ်ငွေ ဒေါ်လာ ၁၆၁ ဘီလီယံရရှိ

**ရီယာ့ဒ် မတ် ၂၃**

ဆော်ဒီအာရေဗျနိုင်ငံမှ ရေနံကုမ္ပဏီ Saudi Aramco သည် သမိုင်းတွင်သည့် အမြတ်ငွေပမာဏ ကန်ဒေါ်လာ ၁၆၁ ဘီလီယံကို ယမန်နှစ်က ရရှိခဲ့ပြီး အဆိုပါ အမြတ်ငွေပမာဏသည် ၂၀၂၁ ထက် ၄၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်သော Saudi Aramco ၏ သမိုင်းတစ်လျှောက် တစ်နှစ်တာ အမြတ်အများဆုံးရရှိပြီး စံချိန်သစ်တင်လိုက်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ကန့်သတ်ချက်များကို ရုပ်သိမ်းပြီးနောက် ကမ္ဘာ့ဈေးကွက်သို့ ပြန်လည်ဝင်ရောက်လာချိန်တွင် ဈေးကွက်တွင် ရေနံဝယ်လိုအား မြင့်တက်မည်ကို အခွင့်အခါကောင်းအဖြစ် အဆိုပါကုမ္ပဏီက ထုတ်လုပ်မှုတိုးမြှင့်သွားရန်လည်းရှိကြောင်း သိရသည်။

"ကြိုတင်သိမြင်နိုင်သော အနာဂတ်ကာလအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့သည် မရှိမဖြစ် လိုအပ်နေမည်ဟု ကျွန်ုပ်တို့ ကြိုတင်ခန့်မှန်းထားသဖြင့် ရေနံလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု နည်းပါးနေခြင်းကြောင့် စွမ်းအင်ဈေးနှုန်းများကို မြင့်တက်စေခြင်း အပါအဝင် အရေးကိစ္စများ တကယ် ရှိနေပါသည်" ဟု Saudi Aramco အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌ Amin H. Nasser က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရေနံဈေးကြီးမြင့်မှုကြောင့် ရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီများသည် အမြတ်အစွန်းများ စံချိန်တင်မြင့်တက်လာခဲ့သော်ငြားလည်း ယင်းအမြတ်အစွန်းအနည်းငယ်မျှကိုသာ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ပြန်လည် ရင်းနှီးမြှုပ်နှံထားသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများသည် အနာဂတ်တွင် စွမ်းအင်အကူးအပြောင်း မလွဲမသွေဖြစ်လာမည်ကို အသိအမှတ်ပြုထားသောကြောင့် ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီအများအပြားသည် သန့်ရှင်းသောစွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ရှယ်ယာရှင်များကို အမြတ်ဝေစုများ ထုတ်ပေးခြင်းတို့ ပြုလုပ်လာကြပြီး ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းကို အနည်းအကျဉ်းသာ ပြုကြသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့တွင် ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်းသည် လောင်စာဆီလိုအပ်ချက် မြင့်မားနေဆဲ ဖြစ်နေချိန်တွင် ဖူလုံမှုမရှိသည့်အဖြစ်ကို ကြုံရမည်ဖြစ်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းများ ဆက်လက်မြင့်မားနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်ကာလတစ်လျှောက် လောင်စာဆီသုံးစွဲမှု နည်းပါးခဲ့ပြီး ရေနံဈေးနှုန်းများ မကြုံစဖူး ပထမဆုံးအကြိမ်အဖြစ် သုညအောက်သို့ ရောက်ရှိခဲ့ဖူးသည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း ရေနံတစ်စည်ဈေး အနုတ် အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၆၃ အထိ ကျဆင်းခဲ့သည်။ ထိုနှစ်တွင် Saudi Aramco သည် အမြတ် ကန်ဒေါ်လာ ၄၉ ဘီလီယံ ရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် အမြတ် ကန်ဒေါ်လာ ၁၁၀ ဘီလီယံ ရရှိခဲ့သည်။ ရေနံစိမ်းထုတ်လုပ်မှုကို ၂၀၂၂ ခုနှစ်တွင် တစ်ရက်လျှင် စည် ၁၁ ဒသမ ၅ သန်းဝန်းကျင်တွင် ထိန်းထားခဲ့ပြီး ၂၀၂၇ ခုနှစ်တွင် တစ်ရက်လျှင် စည်ပေါင်း ၁၃ သန်းအထိ ရောက်ရှိရန် ရည်မှန်းထားကြောင်း ကုမ္ပဏီအကြီးအကဲများက ပြောကြားသည်။ Saudi Aramco သည် အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် ၂၀၁၉ ခုနှစ်တွင် ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး ယမန်နှစ်အတွက် ဝင်ငွေအစီရင်ခံစာကိုလည်း မကြာမီထုတ်ပြန်သွားမည်ဟု သိရသည်။

## စားအုန်းဆီမူဝါဒများ တည်ငြိမ်စေရန် အာရှစားအုန်းဆီဝယ်လက်အဖွဲ့အစည်း ကြိုးပမ်း

**ကွာလာလမ်ပူ မတ် ၂၃**

ယမန်နှစ်က စားအုန်းဆီတင်ပို့သည့် နိုင်ငံများတွင် မူဝါဒများ ပြောင်းလဲမှုများကြောင့် စားအုန်းဆီ ရောင်းဝယ်မှုတွင် မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် စာအုန်းဆီထုတ်လုပ်သော နိုင်ငံများသည် တည်ငြိမ်သော ပို့ကုန်မူဝါဒများ ချမှတ်ရန် လိုလားကြောင်း အာရှစားအုန်းဆီဝယ်လက်များ၏ အဖွဲ့အစည်းဖြစ်သည့် Asian Palm Oil Alliance (APOP)အဖွဲ့ အကြီးအကဲက ပြောကြားသည်။

**ဝယ်လက်နိုင်ငံများ ပိုမိုပါဝင်ကြစေလို**

အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါနှင့် သီရိလင်္ကာတို့သည် လက်ရှိ APOP အဖွဲ့ဝင်များဖြစ်ကြပြီး အာရှ စားအုန်းဆီ မဟာမိတ်အဖွဲ့တွင် ဝယ်လက်နိုင်ငံများ ပိုမိုပါဝင်ကြစေလိုကြောင်း APOP ဥက္ကဋ္ဌ Atul Chaturvedi က ကွာလာလမ်ပူ၌ ပြုလုပ်သည့် အဖွဲ့ဝင်နိုင်ငံများ၏ နှစ်ပတ်လည်အစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

တင်သွင်းသည့်နိုင်ငံများသည် စားအုန်းဆီကြမ်းများသန့်စင်ရန် စက်ရုံများ တည်ဆောက်ကာ လုပ်ကိုင်လျက်ရှိကြသည်။ သို့သော် စားအုန်းဆီကြမ်းကို ဆီသန့်စင်ထက် ပို့ကုန်ခွန် ပိုမို စည်းကြပ်ထားသည်။ သန့်စင်ပြီး စားအုန်းဆီဝယ်ယူခြင်းသည် စားအုန်းဆီကြမ်းအဆင့် ဝယ်ယူခြင်းထက် ဈေးသက်သာနေစေသည်ဟု Chaturvedi က ပြောသည်။

**ဝယ်သူတွေကို ထိခိုက်စေ**

"စားအုန်းဆီကြမ်းအပေါ် အခွန်ပိုမြှင့်ထားတာကြောင့် တင်သွင်းတဲ့နိုင်ငံတွေမှာ စားအုန်းဆီသန့်စင်တဲ့ စက်ရုံတွေကို ရပ်နားထားရတယ်။ စားအုန်းဆီတင်ပို့တဲ့နိုင်ငံတွေက ဝယ်သူတွေကို ထိခိုက်စေတဲ့ ဈေးနှုန်းသတ်မှတ်ပုံကို စဉ်းစားသုံးသပ်ပေးဖို့ လိုအပ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။ အင်ဒိုနီးရှားမှ ချမှတ်ထားသော ပို့ကုန်များကို ရုတ်တရက် တားမြစ်ခြင်းကဲ့သို့သော ပို့ကုန်မူဝါဒများ ရုတ်တရက်ပြောင်းလဲမှုသည် သွင်းကုန်နိုင်ငံများရှိ ထောက်ပံ့ရေးကွင်းဆက်များကို အနှောင့်အယှက်ပေးရုံသာမက အင်ဒိုနီးရှားနိုင်ငံမှ စိုက်ခင်းလုပ်ကိုင်သူများ၊ စားအုန်းဆီထုတ်လုပ်သူများကိုပါ ထိခိုက်စေသည်ဟု အိန္ဒိယ လူသုံးကုန်ပစ္စည်းကုမ္ပဏီ Godrej International ၏ ဒါရိုက်တာ Dorab Mistry က ပြောကြားသည်။

ကမ္ဘာ့စားအုန်းဆီတင်ပို့မှုအများဆုံး နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားသည် ယမန်နှစ်က စားအုန်းဆီတင်ပို့မှုကို ရုတ်တရက်ပိတ်ပင်လိုက်သဖြင့် ပြည်ပဝယ်လက်များသည် မလေးရှား၏ စံချိန်တင်မြင့်မားသောဈေးနှုန်းဖြင့် စားအုန်းဆီကြမ်းကို ဝယ်ယူခဲ့ကြရသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဉာဏဂုဏ်ရည်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ သာယာကုန်းပရိယတ္တိ စာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံ မြို့နယ်ရှိ သုဝဏ္ဏနားဝမ်(ကိုရင်လေး)ကျောင်းတိုက်၊ ရောဝတီတိုင်း ဒေသကြီး ပုသိမ်မြို့နယ်ရှိ လယ်တီကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော် များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မဟာဝိသုတာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရ မြို့နယ်ရှိ ရွှေကူကြီးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ နဂါး ပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ပေါ် ကုဋ္ဌာသယကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဇေတိကာရာမကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ နတ်ရေကန် ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

အမြီး တံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ သြဇာကွက်ဖြစ်ခြင်း၊ အသား အရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူ တော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော် လေးဖြစ်သည်။

ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ရှစ်လသားအရွယ် တွင် အရပ်အမြင့် ၃ ပေ ၃ လက်မ၊ ကိုယ်လုံးလုံးပတ် ၅ ပေ ၁၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၄၂၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်း စောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင် တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူ တော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါး သည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသား တို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်း စနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၃**

ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာ ရေးစောင့်ရှောက်မှု လုပ်ငန်း များ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ အထူးကုဆေး အဖွဲ့များမှ ပါရဂူများ၊ ဆေးမှူး များနှင့် သူနာပြုများ လိုက်ပါလာ သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်ရှိ နယ်မြေခံ ရေတပ်အခြေစိုက်စခန်း ဆိပ်ခံ တံတား၌အခြေပြု၍ ကိုကိုးကျွန်း မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၁၀၈ ဦးအား ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးကြသည်။







ဒေသခံပြည်သူများ၏ ဖြေကြားပေးမှု။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၅၁ ဦး၊ ခွဲစိတ်ရောဂါ ခြောက်ဦး၊ သားဖွား/ မီးယပ်ရောဂါ သုံးဦး၊ ကလေး ရောဂါ ငါးဦး၊ အရိုးရောဂါ ၁၃ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ငါးဦး၊ မျက်စိရောဂါ ၁၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ခြောက်ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှု များ ဆောင်ရွက်ပေးသည်။ ထို့အပြင် ဓာတ်မှန်ရိုက်လူနာ နှစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ် စစ်ဆေးလူနာ လေးဦးနှင့် ECG ဖြင့် နှလုံးစမ်းသပ်လူနာ ခြောက်ဦးတို့ ကို ရောဂါရှာဖွေစမ်းသပ်ကုသပေး ခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှု များကို နယ်မြေခံတပ်နယ်မှ တာဝန် ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး(**အပေါ်ပုံ**)လိုအပ်သည် များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေး ဆောင်ရွက်ပေး မှုအပေါ် နယ်မြေခံတာဝန်ရှိသူ များနှင့် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

"အခုလိုလာရောက်ဆေးကုသ ပေးတဲ့အတွက် ကျေးဇူးတင်ပါ တယ်။ ကျွန်တော်တို့ ဒေသခံ ပြည်သူများအနေနဲ့ ရန်ကုန်သွား ဆေးကုသရင် အလွန်အကုန်အကျ များပါတယ်။ ရောဂါပေါင်းစုံ လွယ်လွယ်ကူကူ ကုသရတဲ့ အတွက် ကျေးဇူးလည်းတင်ပါ တယ်။ ကျွန်တော်တို့မြို့ကို အခုလို လာရောက် ကုသခွင့်ပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ လိုအပ်ချက်များကိုလည်း ဖြည့် ဆည်းပေးပါတယ်။ ကျွန်တော်တို့ ကျွန်းနေ ပြည်သူများကိုလည်း သေချာဂရုစိုက် ကုသပေးပါတယ်။ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးကိုလည်း ဂရုစိုက်ပေးပါ တယ်။ အခုလိုဆေးကုသပေးမှုတွေ ကိုလည်း မကြာခဏ လာရောက် ပေးစေလိုပါတယ်။ အခုလို ပါရဂူ တွေ အများကြီးပါတဲ့ သံလွင် ဆေးကုသင်္ဘောကြီး လာရောက် ဆေးကုသပေးတဲ့အတွက် ပါရဂူ ကြီးတွေနဲ့ ဆရာဝန်၊ ဆရာမတွေ ကိုလည်း အထူးပင်ကျေးဇူးတင် ပါတယ်။ နိုင်ငံတော်အကြီးအကဲ ကိုလည်း အထူးပင် ကျေးဇူးတင်ရှိ ပါကြောင်း ပြောကြားလိုပါတယ်"

"ကျွန်မကတော့ ကျွန်းမှာ မွေးပြီး ကျွန်းမှာကြီးတဲ့ ကျွန်းသူ တစ်ယောက် ဖြစ်ပါတယ်။ ကျွန်းမှာတော့ ကျန်းမာရေး ဖြစ်လာပြီဆိုရင် အလွန်ခက်ခဲမှု ရှိပါတယ်။ မြို့ပေါ်မှာရှိတဲ့ ဆရာဝန်၊ ဆရာမ နည်းပါးမှုရှိတဲ့ အတွက် ရောဂါကြီးကြီးမားမား ဖြစ်လာရင် အလွန်ခက်ခဲပါတယ်။ အခုလို သံလွင်ဆေးကုသင်္ဘော ကြီး လာရောက်ကုသပေးတော့ မျက်စိဆရာဝန်ကြီးတွေ၊ အရိုး အကြော ဆရာဝန်ကြီးတွေ၊ သားဖွားမီးယပ် ဆရာဝန်ကြီးတွေ၊ အထွေထွေရောဂါ ကုသပေးတဲ့ ဆရာဝန်ကြီးတွေ ပါတဲ့အတွက် ကျွန်မတို့ ကျွန်းသူ ကျွန်းသားများ အတွက် အလွန်ကို အဆင်ပြေ ပါတယ်။ အတွင်းတိမ် မျက်လုံး ဝေဒနာ ခံစားနေရသူတွေအတွက် လည်း မှန်ဘီလူးနဲ့ အစားထိုး ကုသပေးတဲ့အတွက် ကျွန်းသူ ကျွန်းသားများအတွက် အများကြီး အဆင်ပြေပါတယ်။ ဓာတ်မှန် ရိုက်ကူး ကုသပေးတဲ့အတွက် ခန္ဓာကိုယ် အတွင်းပိုင်းမှာရှိတဲ့ ရောဂါ ရှိ၊ မရှိကိုလည်း သိရှိနိုင်ပါ တယ်။ ဆေးဆိုရင်လည်း တစ်လစာ ပေးတာမျိုး၊ ဆေးထိုးပေးတာမျိုး ကုသမှုပေးပါတယ်။ ဆေးဝါးစုံစုံ လင်လင်၊ ပါရဂူများ၊ ဆရာဝန်ကြီး များနဲ့ ကုသခွင့်ရတဲ့အတွက် နိုင်ငံတော်အကြီးအကဲကိုလည်း အလွန်ပဲ ကျေးဇူးတင်ပါတယ်။ ခွဲစိတ်မှုလိုအပ်တဲ့ လူနာတွေကို လည်း သင်္ဘောပေါ်မှာပဲ ခွဲစိတ်ပေး ပါတယ်။ စားရေး၊ သောက်ရေး များကိုလည်း စီစဉ်ပေးပါတယ်။ သွားရေး၊ လာရေးအတွက်လည်း စီစဉ်ပေးပါတယ်။ သံလွင်ဆေးကု သင်္ဘောကြီးကို အမြဲတမ်း လာရောက် ကုသပေးစေလိုပါ တယ်။ အခုလို စီစဉ်ပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ ပါရဂူ ကြီးများ၊ ဆရာဝန်၊ ဆရာမများ အားလုံးကို အထူးကျေးဇူးတင်ပါ ကြောင်း ပြောကြားလိုပါတယ်" **သတင်းစဉ်**

## ပင်လောင်းမြို့နယ်၌ ယာယီတိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**ပင်လောင်း မတ် ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံ အုပ်ချုပ်ရေးအဖွဲ့နှင့် ပအိုဝ်းအမျိုး သားအဖွဲ့ချုပ်(PNO)တို့ ပူးပေါင်း ၍ ယာယီတိုက်ပွဲရှောင် ပြည်သူ များအား အခြေခံစားသောက်ကုန် များ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီက ဘက်စုံသုံးခန်းမ၌ ပြုလုပ်သည်။



ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ် ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူး ကြီး ညီညီတင်က အမှာစကား ပြောကြားပြီး(**ဝဲပုံ**) ရပ်မိရပ်ဖ ဦးခွန်မောင်သောင်းက ယာယီ တိုက်ပွဲရှောင် ပြည်သူများအား အားပေးစကား ပြောကြားသည်။

ယာယီတိုက်ပွဲရှောင် ပြည်သူ များအား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီတင်နှင့် ဦးခွန်လှသိန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့် ဌာနဆိုင်ရာများ၊ ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်(PNO)၊ ပအိုဝ်း စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝင်းကို၊ ရပ်မိရပ်ဖ ဦးခွန်မောင်သောင်း၊ စန္ဒာခမ်း (PNO) ဗိုလ်မှူးခွန်ဂျိုးဇက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့် ဇော်ထက်တို့က အခြေခံ စားသောက်ကုန်များ ပေးအပ်ပြီး ယာယီတိုက်ပွဲရှောင် ပြည်သူများ ၏ ကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ပင်လောင်းမြို့နယ်တွင် ယာယီ တိုက်ပွဲရှောင်သည့် ပြည်သူ အိမ်ထောင်စု ၉၃၀ လူဦးရေ စုစုပေါင်း ၃၈၅၅ ဦးရှိကြောင်း၊ အဆိုပါ ယာယီတိုက်ပွဲရှောင် ပြည်သူများအတွက် အခြေခံ စားသောက်ကုန်များ ဖြစ်သည့် ဆန် ၃၅၂ အိတ်၊ ဆီ ၄၆၅ ပိဿာ၊ ကုလားပဲ ပိဿာ ၉၃၀၊ ဆား ၄၆၅ ပိဿာ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၉၆၁၀၀၀၀ ထောက်ပံ့ပေးအပ် ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဂ္ဂထ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း


မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဝေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၉ စုံ | ၃၄၁ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**







## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များစီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်တီကာဒေဝီ ၅/ကလထ(နိုင်)၀၀၃၆၆၆၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၈၂၈၇၉၇

## ပျောက်ဆုံးကြောင်း

ကျွန်မ မမွေးမွေးထွေး ၅/မကန(နိုင်)၀၇၅၈၆၁ ၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၁၆၈၆၁၆

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် - ၄၁၊ နည်းဥပဒေ-၁၄ )
## ရှမ်းပြည်နယ်တရားလွှတ်တော်
## ၂၀၂၂ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၁၄၅

၁။ ဒေါ်နော်ခ်ီးလာဖော နှင့် ဦးဝင်းဦး
၂။ ဒေါ်နော်ဖောလီ(ခ)နော်လီလီ
**လျှောက်ထားသူများ** **လျှောက်ထားခံရသူ**

၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်စွဲပါ တောင်ကြီးခရိုင် တရားရုံးတော်မှ တရားမဇာရီမှုအမှတ် - ၇၆/၂၀၂၂ ကို ပြင်ဆင်မှု။

လျှောက်ထားခံရသူ ဦးဝင်းဦး အမှတ်(၂၃၉)၊ နယ်မြေ(၂)၊ အေးမေတ္တာလမ်း၊ ဘုရားဖြူရပ်၊ တောင်ကြီးမြို့ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

ယခုအမှုတွင် တောင်ကြီးခရိုင် တရားရုံးတော်က ချပေးသည့် ထုံးပုံကျ အမိန့်ကို လျှောက်ထားသူ ဒေါ်နော်ခ်ီးလာဖောပါ-၂ဦး တို့က ပြင်ဆင်မှု လျှောက်ထားရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၃ ခုနှစ် ဧပြီ ၇ ရက် (၁၃၈၄ ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက်)တွင် ဆိုင်ဆိုရန်၊ ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ် မတ် ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးမြတ်မွန်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

## မောင်အောင်ဇင်ဦး ၉/မခန(နိုင်)၂၀၀၉၁၉အား သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်ကုန်းအုပ်စု၊ မြောက်ချောကုန်းကျေးရွာ၊ နှင်းဆီခြံရပ်ကွက်၊ မယ်တော်လမ်းသွယ်၊ အိမ်အမှတ် (၈၀)နေ ဦးတင်လှ ၉/မခန(နိုင်)၁၈၅၁၆၃ နှင့် ဒေါ်အေးလှ ၉/မခန(နိုင်)၁၈၄၉၆၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်အမည်ပါ ဦးတင်လှနှင့်ဒေါ်အေးလှတို့၏ သားဖြစ်သူ မောင်အောင်ဇင်ဦးသည် မိဘများအပေါ် စိတ်ဆင်းရဲခြင်း အမျိုးမျိုးပြု မူခြင်းများ၊ မိဘများ၏ ဆိုဆုံးမခြင်းကို မနာခံဘဲ ရိုင်းစိုင်းစွာပြုမူ ပြောဆိုဆက်ဆံခြင်းများပြုမူပြီး မိမိသဘောအလျောက်နေအိမ်မှ ဆင်းသွားသဖြင့် မောင်အောင်ဇင်ဦးအား ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကို မောင်အောင်ဇင်ဦး အပါအဝင် အများသိစေရန် ကြေညာပြီး ၎င်းနှင့်ပတ်သက် သည့် လူမှုရေး၊ ငွေရေး၊ ကြွေးရေး ကိစ္စအဝဝကို မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့်မောင်အောင်ဇင်ဦးသည် ဦးတင်လှ၊ ဒေါ်အေးလှတို့နှင့် သက်ဆိုင်ခြင်းလုံးဝမရှိတော့ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအရပ်ရပ်အား စုံစမ်းမေးမြန်းခြင်းမပြုရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းဟန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၈၆)**
**စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၀၃၄၅၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုခမ္မာလမ်း၊ အမှတ် (၇၈)၊ သုခမ္မာမီနီကွန်ဒို၊ (၂)ခန်းတွဲ RC (၈ ၁/၂)ထပ်အဆောက်အအုံ၏ အခန်းအမှတ် (၄/အေ)(တတိယထပ်)၊ (၄-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် (လက်ယာဘက်အခန်း)၊ ဧရိယာ(၈၆၄)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော Monn Monn Yi Yi Co.,Ltd ၏ ကိုယ်စား ဒါရိုက်တာ ဒေါ်ခင်ခင်ရီ ၁၂/စခန(နိုင်)၀၅၄၄၇၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်သူဇာဝင်း ၁၂/မရက(နိုင်)၁၄၄၄၉၂က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိကြေညာအပ်ပါသည်။

**ဒေါ်ခင်သူဇာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ အမှတ်(၁၄)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ပထမထပ် (တိုက်ရှေ့မျက်နှာမူလျှင် ဝဲဘက်)၊ အကျယ်အဝန်း(၁၅ပေx၆၀ပေ)ရှိ တိုက်ခန်းအား ၃၁-၁၂-၂၀၁၇ ရက်စွဲပါမေတ္တာဖြင့် ပေးကမ်းခြင်းသဘောတူစာချုပ်ဖြင့် ဒေါ်ကြူကြူစော(စီဂျီ-၀၄၀၆၅၁)ထံမှ လက်ခံရရှိထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဦးသန်းချို ၁၂/တမန(နိုင်)၀၄၄၃၃၃ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန်းစန်းနု ၁၄/ပသန(ဧည့်)၀၀၀၃၅၀ က အပြီးပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ၎င်းတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီအပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် (LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင် (LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်ကို အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
## တံတားဦးခရိုင် တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၅
## ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၄

ရိုးမဘဏ်လီမိတက် **နှင့်** ၁။ ဒေါ်တင်မြိုင်
(ကိုယ်စား)
(ဒေါ်စိုးမိုးသန်း၊ ၂။ ဦးစိုးခိုင်
မန်နေဂျာ)
ရိုးမဘဏ်၊ မြင်းခြံမြို့
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ဒေါ်တင်မြိုင်၊ ဦးစိုးခိုင်(အတူနေသားအမိ) ကျော်ကျော်ဦးစက်သုံးဆီ အရောင်းဆိုင်၊ သင်ပန်းကျေးရွာ၊ မြို့သာ-တံတားဦး-မန္တလေးလမ်း၊ တံတားဦးမြို့ (ယခင်နေရပ်လိပ်စာ၊ ယခုနေရပ်လိပ်စာမသိ)တို့အား သိစေရမည်။

အထက်ပါအမှုတွင် တရားရှုံးပိုင် တံတားဦးမြို့နယ်၊ ကန်ကြီးထောင့်ကျေးရွာရှိ ကွင်းအမှတ်-၁၂၄၅/ကန်ကြီးကွင်း၊ ဦးပိုင်မြေကွက်အမှတ် ၃၄၂၊ ဧရိယာ(၀ဒသမ ၄၉၀)ဧက (၁၀)နှစ်ဂရန်ဝိုင်းမြေနှင့် နေအိမ်အဆောက်အအုံကို ရောင်းချပါမည့်အကြောင်း ဒီကရီရသူ တရားနိုင်က လျှောက်ထားသောကြောင့် ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၂၃ခုနှစ် မတ်လ ၃၁ရက် မွန်းမတည့်မီ ၁၀နာရီ ချိန်းဆိုပြီးဖြစ်သည်။

၂၀၂၃ခုနှစ်၊ မတ်လ၁၀ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အိအိထွန်း)**
**ခရိုင်တရားသူကြီး**
**တံတားဦးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၅၇၂၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးလွန်းခင် ၁၀/ရမန(နိုင်)၀၆၇၅၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၇၃၅၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးလွန်းခင် ၁၀/ရမန(နိုင်)၀၆၇၅၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၅၇၂၁၅ ယာဉ်လက်ဝယ်ရှိသူ ဦးလွန်းခင် ၁၀/ရမန(နိုင်)၀၆၇၅၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/3254 WAI MANDALAR L/T(WMLT-03), Pick up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွေး ၈/မမန(နိုင်)၁၉၃၈၃၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃/၃၆၊ နန္ဒဝန် (စက်မှုဇုန်))၊ ဦးပိုင်အမှတ် (ပိတောက်လမ်း-၇၃)၊ ဧရိယာ ၀.၁၁၀ ဧကရှိမြေအား အမှုတွဲအမှတ် ၃၅၉၅/၁၉၉၄အရ (၂၀-၁၂-၁၉၉၄မှ ၁၉-၁၂-၂၀၂၄)ထိ ဒေါ်တင်တင်ဌေးအမည်ဖြင့် နှစ် ၃၀ မြေငှားဂရန် ရရှိထားသည့်မြေကို ဒေါ်တင်တင်ဌေး အမည်ဖြင့် မြေငှားစာချုပ်(မိတ္တူ)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(မိတ္တူ)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

